# ဘုရားသခင်၏သား









# မည်ကဲ့သို့ဖြစ်ရမည်နည်း

သက်သေခံဝေငှခြင်းစာစဉ်တွင် ပါဝင်သောအချက်အလက်များ - ကိုယ့်ဘဝဇာတ်ကြောင်းကို အဘယ်ကဲ့သို့ပြောပြရမည်နည်း။ ပျောက်ဆုံးဝိညာဉ်ကယ်တင်သူ မည်သို့ဖြစ်နိုင်မည်နည်း။

# ဘုရားသခင်၏သား မည်ကဲ့သို့ဖြစ်ရမည်နည်း

ဒေးဗစ် ဟိုဝဲလ်

Copyright © 2013 by David Howell

ဒေးဗစ် ဟိုဝဲလ် ၏ မူပိုင်ဖြစ်သည်။ဒေးဗစ် ဟိုဝဲလ် ၏ ခွင့်ပြုချက်မရှိပဲ

ဤစာစဉ်ကို မည်သည့်ပုံစံမျိုးဖြင့်မဆိုပြန်လည်ပုံနှိပ်ထုတ်ဝေခြင်းများ

လုံးဝခွင့်မပြုပါ။

ဤစာစဉ်ကို ပညာရေးလုပ်ငန်းနှင့် ဧဝံဂေလိလုပ်ငန်းများအတွက်

အရေအတွက်များများဖြင့်ဝယ်ယူနိုင်ပါသည်။ ထပ်မံ၍

အသေးစိတ်သိရှိလိုပါက ထုတ်ဝေသူနှင့် တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။

ဒေးဗစ် ဟိုဝဲလ်
Prison Evangelism
PO Box 571977
Houston, Texas 77257
davidhowell@prisonevangelism.com
info@HowtobeaChildofGod.com
www.HowtobeaChildofGod.com

ဤစာစဉ်၌ပါဝင်သော ကျမ်းအကိုးအကားများအတွက်
New Living Translation ကျမ်းစာကို အသုံးပြုထားပါသည်။
ယင်းကျမ်းစာသည် Tyndale House Foundation၏မူပိုင်ဖြစ်သည်။
Copyright © 1996, 2004, 2007 by Tyndale House Foundation.
Tyndale House Publishers, Inc., ၏ ခွင့်ပြုချက်ဖြင့်အသုံးပြုထားပါသည်။
Used by permission of Tyndale House Publishers, Inc.,
Carol Stream, Illinois 60188. All rights reserved.

ISBN: 978-0-578-14157-2

ပန်းချီဒီဇိုင်း ဂျွန်မေဂီ

John Magee, Houston, Texas

JohnMageeDesign.com

အတွင်းသရုပ်ဖော် ရဲန်ဒီ ရိုဂျာစ်

Randy Rogers, The Woodlands, Texas

artistguy@att.net

## နိဒါန်း

“ တကယ်တော့ အစကနဦးကတည်းကပင် ခရစ်တော်နှင့်
သူ၏လက်ဝါးကပ်တိုင်တော်တို့၏ အကြောင်းကိုကျွန်ုပ်တို့အား
အပြည့်အဝသော အသိပေးတင်ပြပေးအပ်ခဲ့မည် ဆိုပါက၊
ယင်းတို့၏အကြောင်းကို နောက်မှ စုံစုံလင်လင်
ရှင်းပြပေးမည်ဆိုသည့်တိုင်အောင်၊ ကျွန်ုပ်တို့
ခရစ်ယာန်အသက်တာ၏
ပထမဆုံးသောနေ့မှစလို့မြောက်များလှစွာသော
အတွေ့အကြုံများထဲသို့
ချင်းနင်းဝင်ရောက်ခဲ့ကြမှာ သေချာပါသည်။ ”
ဝပ်ချ်မဲန်နီး၊ သာမန်ခရစ်ယာန်အသက်တာ
(Watchman Nee, The Normal Christian Life)

ကျွန်ုပ်တို့သည် ယေရှုခရစ်တော်ကို သခင်အဖြစ်၊
ထာဝရဘုရားအဖြစ်၊ ကယ်တင်ရှင်အဖြစ်နှင့်
ထာဝရအသက်အဖြစ် ကိုးစားယုံကြည်ကြပါသည်။
ကျွန်ုပ်တို့၏ လိုအင်ဆန္ဒနှင့် ဘဝအသက်တာများကို
တာဝန်ယူထိန်းချုပ်ထားဘို့အတွက်လည်း
တောင်းလျှောက်ကြပါသည်။ အမှန်စင်စစ် သူသည်
ကျွန်ုပ်တို့၏ ဘဝဖြစ်လာသည်။ ကျွန်ုပ်တို့သည်
ပုံသဏ္ဍာန်ပြောင်းလဲလာကြသည်။ မြန် တလှည့်၊ နှေး
တလှည့်ဆိုပေမဲ့ ပြောင်းလဲခြင်းသည် အမြဲရောက်လာတတ်သည်။
ထာဝရဘုရား၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ အထဲ၌
ရှင်သန်လာပြီး ကျွန်ုပ်တို့ကိုကုန်စင်အောင်ပြုပြင်ပေးပါသည်။
အသက်ရှင်စေပြီး ပြည့်ဝစုံလင်စေပါသည်။ ဘုရားသခင်ကို
ယုံကြည်ပြီး နလုံးသားများကိုပေးအပ်မည်ဆိုပါက ဘဝဟူသည်
လုံးဝ ကွဲပြားခြားနားလာ ပေလိမ့်မည်။

ဒေးဗစ် ဟိုဝဲလ်

ဘုရားသခင်သည် ကောင်းကင်ဘုံ၌ရှိခဲ့ပြီး မြေကြီးပေါ်သို့ လူသားအဖြစ်ကြွမြန်းလာခဲ့သည်။



ဖိလိပ္ပိသြဝါဒစာ ၂း၆-၈၊ ရှင်ယောဟန်ခရစ်ဝင် ၁း၁၄၊ ဟေဗြဲသြဝါဒစာ ၁း၃၊ ရောမသြဝါဒစာ ၈း၃(ခ)၊ ရှင်ယောဟန်ခရစ်ဝင် ၁၀း၃၀၊ ကောလောသဲသြဝါဒစာ ၁း၁၅၊ ကောလောသဲသြဝါဒစာ ၂း၉၊ ဟေဗြဲသြဝါဒစာ ၂း၁၁-၁၇၊ ရှင်မဿဲခရစ်ဝင် ၁း၂၀-၂၃။

1

အံ့သြဖွယ်ရာနည်းလမ်းဖြင့် ပဋိသန္ဓေတည်ခဲ့သော်လည်း၊ သင်နှင့်ကျွန်ုပ်နည်းတူ လူမိန်းမအားဖြင့် ဖွားမြင်ခြင်းကို ခံခဲ့သည်။




ယေရှုသည် ကလေးဘဝ၊ လူပျိုဘဝကို ဖြတ်သန်းခဲ့ရသည်။ အသက်မွေးဝမ်းကျောင
်းလုပ်ငန်း များကို သင်ကြားခဲ့ရသည်။ သူ၏အချိန်ကာလပြည့်စုံချိန်တွင် ကြွမြန်းလာရ
ခြင်း၏ အကြောင်းရင်းဖြစ်သော သူ၏အချိန်ကာလပြည့်စုံချိန်တွင် ကြွမြန်းလာရခြင်း၏ အကြောင်းရင်းဖြစ်သော သာသနာတော်မြတ်လုပ်ငန်းကို အစပြုခဲ့သည်။ သူသည် တစ်ဆူတည်းသော ဘုရားသခင်နှင့် ကယ်တင်ရှင်ဖြစ်ကြောင်းကို ထုတ်ဖော်ပြသခဲ့သည်။




ရှင်မဿဲခရစ်ဝင် ၃း၁၃-၁၇၊ ရှင်မဿဲခရစ်ဝင် ၇း၂၈-၂၉၊ ရှင်မာကုခရစ်ဝင် ၆း၂-၃၊
ရှင်လုကာခရစ်ဝင် ၂း၄၀၊ ရှင်လုကာခရစ်ဝင် ၂း၄၁-၄၇၊ ၅၂။

မြေကြီးပေါ်၌ သူ၏ရည်ရွယ်ချက် ပြည့်ဝစုံလင်ပြီးသည့်ချိန်တွင် လက်ဝါးကပ်တိုင်ေ




ပါ်၌ကားစင် တင်သတ်ခြင်းကို ခံခဲ့သည်။ လှောင်ပြောင်ကဲ့ရဲ့ခြင်းနှင့် ညှင်းပန်းနှိပ်စက
ြခင်းများကို ခံခဲ့ရပြီး ကပ်တိုင်ပေါ်တွင် သံမှိုနှင့်ရိုက်ခြင်းကို ခံခဲ့ရသည်။ ထိုကဲ့သို့
ရက်ရက်စ က်စက် အသေခံဘို့ ယေရှုသည် ရွေးချယ်ခဲ့သောကြောင့်
သင်နှင့်ကျွန်ုပ်သည် အပြစ်၏အခကို ပေးဆပ်စရာ
မလိုအပ်တော့ပါ။ သူခံစားဖြတ်သန်းခဲ့ရသမျှ၌
ကျွန်ုပ်တို့အား သူနှင့်အတူ ထပ်တူထပ်မျှက
ိုယ်စားပြုစေချင်သည်။ဘုရားသခင်က



သာ သိနားလည်နိုင်သော နည
ႈလမ်းအားဖြင့် ယေရှုခရစ်၏ ပေးဆ
ပ်ခြင်းနှင့် အသွေးတော်မြတ်သည်
ကျွန်ုပ်တို့၏အပြစ်များကိုဆေးကြောေ
ပးနိုင်ပြီး၊ ကျွန်ုပ်တို့ကို ထာဝရသန့်ရှင်းစ
င်ကြယ်စေနိုင်ပါသည်။ ဤမေတ္တာတရား
၏ လုပ်ဆောင်မှုသည် ကျွန်ုပ်တို့ကို စ
င်ကြယ်စေသောကြောင့် ဘုရားသခင်သ
ည် ယေရှုကိုမြင် သကဲ့သို့
ကျွန်ုပ်တို့ကိုလ
ည်း သူ၏သားသမီးများအဖြစ် မြင်ေ
တွ့လာလာပါသည်။


ရှင်မဿဲခရစ်ဝင် ၂၆း၂၈၊ ရှင်မဿဲခရစ်ဝင် ၂၇း၅၇-၆၁၊ ရောမဩဝါဒစာ ၅း၆၊ ရောမဩဝါဒစာ ၈း၁၊ ဧဖက်ဩဝါဒစာ ၁း၇၊ဟေဗြဲဩဝါဒစာ ၂း၁၄-၁၅၊ ဟေဗြဲဩဝါဒစာ ၉း၂၂၊ ရှင်ပေတရုဩဝါဒစာပထမစောင် ၂း၂၄၊ရှင်ယောဟန်ဩဝါဒစာပထမစောင် ၁း၇။




မိတ်သဟာယဖွဲ့နိုင်ရန်နှင့် ထာဝရအသက်တည်းဟူသော ဆုကျေးဇူးကို ကျွန်ုပ်တို့ အားပေးအပ်ရန်ဖြစ်သည်။ ထာဝရအသက်ဟူသည် ခရစ်တော်၏အသက်ဖြစ်သည်။ ယင်းအသက်သည် အစဟူ၍မရှိပါ၊ အဆုံးဟူ၍လည်းမရှိပါ။


ရှင်လုကာခရစ်ဝင် ၂၄း၁-၇၊ ရှင်လုကာခရစ်ဝင် ၂၄း၅၀-၅၁၊ ရှင်ယောဟန်ခရစ်ဝင် ၁၆း၂၈၊ ဟေဗြဲဩဝါဒစာ ၁း၃။

ဤအရာများသည် အဘယ့်ကြောင့် လိုအပ်ခဲ့ပါသနည်း။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ပထမဦးဆုံးလူ အာဒံကို ဖန်ဆင်းခဲ့ပြီး အံ့ဖွယ်ဘဝအသက်တာနှင့် သုခဘုံနန်းစံစေခဲ့သည်။ သို့သော် လူအာဒံ သည် သူ၏ဖန်ဆင်းရှင် အဖဘုရားသခင်အပေါ် နာခံမှုကင်းမဲ့ခဲ့သည်။ ထိုကဲ့သို့ နာခံမှုကင်းမဲ့ပြီး




အတ္တသဘောနှင့်လုပ်ဆောင်ခဲ့သည့် သူ၏လုပ်ရပ်ကြောင့် ထာဝရဘုရားနှင့်ဝေးကွာခဲ့ရပြီး ဝိညာဉ်၌ သေခြင်း တရားကို ခံစားခဲ့ရသည်။ စုံလင်ခြင်းမရှိတော့ပဲ ဘုရားသခင်ပြင်ဆင်ပေးနှင့်ခဲ့သော ကောင်းကြီးမင်္ဂလာများကို လည်း ခံစားခွင့်မရှိခဲ့တော့ပေ။

ကမ္ဘာဦးကျမ်း ၂း၈-၉၊ ကမ္ဘာဦးကျမ်း ၃း၂-၆၊ ကမ္ဘာဦးကျမ်း ၂း၁၆-၁၇၊ ကမ္ဘာဦးကျမ်း ၃း၂၃၊ ကောရိန္သုသြဝါဒစာပထမစောင် ၁၅း၄၅-၄၆။

ကျွန်ုပ်တို့သည် အာဒံမှဆင်းသက်လာသော မိဘများမှပေါက်ဖွားလာသော သားသမီးများဖြစ်သကဲ့သို့ ဒေင်ဥယျာဉ်ထဲတွင် အာဒံနှင့်အတူ ဝိညာဉ်ရေးရာ၌ ကျွန်ုပ်တို့သည်လည်းသေဆုံးခဲ့ကြသည်။ ထိုမျိုးရိုးနှင့် ဆိုင်သောဝန်ထုပ်က ကျွန်ုပ်တို့သည် ထမ်းပိုးနေရသည့်အပြင်၊ ကျွန်ုပ်တို့ကိုယ်တိုင်၏ အပြစ်ဝန်ထုပ်များ၊ ဤ လောကတို



ွင်အသက်ရှင်စဉ် စိတ်ခံစားချက်သက်သက်နှင့်သာဆိုင်သည့် ဝန်စည်စလည်များကိုပါ သယ်ပိုးထမ်းရွက်နေကြရသည်။ ယင်းဝန်စည်စလည်များထဲတွင် အရက်တရားနှင့်ဆိုင်သည့်အမိုက်သရိုက်များ၊ မှားယွင်းခဲ့ သည့်အမှုအရာများ၊ ကုန်လွန်ခဲ့ပြီးသောပြဿနာများနှင့် ဒေါသူပုန်ထပြီးပေါက်ကွဲခဲ့သည့်အမှုအရာများ၊ အပြစ် ဒုစရိုက်နှင့်ဆိုင်သော စိတ်မချမ်းမြေ့ဖွယ်ရာများ၊ အားနည်းချိနဲ့နေသော အကျင့်သိက္ခာများ စသည်တို့ အမှန်တ ကယ်ပင် ပါဝင်နေပါသည်။ ကျွန်ုပ်တို့သည် မျိုးရိုးအသစ်၊ မိသားစုအသစ်ကို လိုအပ်နေပါသည်။



ရောမသြဝါဒစာ ၃း၂၃၊ ရောမသြဝါဒစာ ၅း၁၂၊ ရောမသြဝါဒစာ ၅း၁၈(က)။



တစ်နေ့သောအခါတွင် တစ်စုံတစ်ယောက်သောသူသည် ယေရှုခရစ်တော်အကြောင်းကို ကျွန်ုပ် တို့အား ပြောပြခဲ့ပါသည်။ ကျွန်ုပ်တို့ကိုယ်စား အသေခံပေးခဲ့ပြီး ထာဝရသေခြင်းထဲမှ ကျွန်ုပ်တို့ကို ရွေးနှုတ်ကယ် တင်ပေးခဲ့သည့်အကြောင်း၊ ထာဝရအသက်ကိုလည်းပေးအပ်ခဲ့သည့်အကြောင်း ပြောပြခဲ့ပါသည်။ ယေရှုသည် အသေခံခဲ့ပြီး လွတ်မြောက်ရာလမ်းကို ကျွန်ုပ်တို့အတွက်ခင်းပေးခဲ့သည်။ ခွင့်လွှတ်ခြင်းတရား၊ ပြောင်းလဲဖေါက် ပြန်မှုကင်းသော မေတ္တာတရား၊ သူ့အားဖြင့် ထာဝရအသက်နှင့်ဆိုင်သော မျှော်လင့်ခြင်းတရားများကိုလည် း ကျွန်ုပ်တို့အား တွေ့ကြုံခံစား စေခဲ့သည်။

ယေဇကျေလအနာဂတ္တိကျမ်း ၃၆း၂၆-၂၇၊ တမန်တော်ဝတ္ထု ၄း၁၂၊ ရောမသြဝါဒစာ ၅း၉၊
ကောရိန္သုသြဝါဒစာပထမစောင် ၁၅း၅၇၊ ကောရိန္သုသြဝါဒစာဒုတိယစောင် ၅း၁၈(က)၊
ဂလာတိသြဝါဒစာ ၁း၁၅-၁၆၊ ဖေက်သြဝါဒစာ ၂း၈-၉၊ တိမောသေသြဝါဒစာပထမစောင် ၂း၅-၆။

ယေရှုခရစ်တော် ဤလောကသို့ကြွရောက်လာသည့် အခြားသောကြောင်းရင်းတစ်ခုမှာ သူနှင့် မိတ်သဟာရဖွဲ့ခြင်းအားဖြင့် ဤလောကတွင် ကြွယ်ဝသောအသက်တာနှင့် ငြိမ်သက်ခြင်းကို သင်နှင့်ကျွန်ုပ် ခံစားနိုင်ဘို့ရန်အတွက်ဖြစ်သည်။ လူ့ဘဝတွင်ကြုံတွေ့ရမည့် ပြဿနာများနှင့် မည်ကဲ့သို့ လိုက်လျောညီထွေ အသက်ရှင်နေထိုင်ရမည်ကို သူသည် ကျွန်ုပ်တို့အား လမ်းညွှန်ပေးချင်သည်။ မျှော်လင့်ခြင်းအသစ်နှင့် ဘဝရှင်သန်နေထိုင်နည်းအသစ်များကို ကျွန်ုပ်တို့အား ကမ်းလှမ်းပေးခဲ့သည်။ ကျွန်ုပ်တို့၏ ဇီဇနှင့်ဆိုင်သောနည်းလမ်းများမှုကား အတ္တသဘောကိုသာ စုပ်ယူစားသုံးစေလျှက် ကသောင်းကနင်းအသက်တာ၌ ဆွဲကျန်ရစ်စေသည်။



ရှင်ယောဟန်ခရစ်ဝင် ၁၀း၁၀၊ ရောမဩဝါဒစာ ၆း၁၆၊ ရောမဩဝါဒစာ ၆း၂၃၊ ရောမဩဝါဒစာ ၈း၃၇၊
ဖေက်ဩဝါဒစာ ၂း၁၄၊ ဗျာဒိတ်ကျမ်း ၃း၂၀။



ဘုရားသခင်နှင့်ကင်းကွာသော အသက်တာတွင် ကျွန်ုပ်တို့သည် ငြိမ်သက်ခြင်းကို မခံစားနိုင်ကြပါ။ ကျွန်ုပ်တို့၏ နေ့စဉ်ပြုလုပ်သော ရွေးချယ်မှုများသည် အတ္တသဘောကိုသာ ဗဟိုပြုနေသောကြောင့် ဘုရားသခင်၏ မိတ်ဿဟာရနှင့် ကျွန်ုပ်တို့ကိုကင်းကွာစေပါသည်။ ထိုမိတ်ဿဟာရကိုလည်း ပျောက်ပျက် အောင် ကဖျက်ယဖျက်လုပ်သည်။ စိတ်နှလုံးသား၏ အတွင်းတစ်နေရာတွင် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ငြိမ်းငြိမ်းချမ်းချမ်း ပေါင်းစည်းလိုသည့် လိုအင်ဆန္ဒများရှိကြသည်။ သို့သော် ကျွန်ုပ်တို့၌ ဝိညာဉ်နှင့်ဆိုင်သော ဆက်သွယ်ချိတ်ဆက်မှု အားနည်းနေခဲ့သည်။ အကောင်းဆုံးဟူ၍ ကျွန်ုပ်တို့တွေးထင်ခဲ့သောအရာများ နှင့် ရည်ရွယ်ချက်များသည် ဤအရှုပ်အထွေးထဲသို့ ကျွန်ုပ်တို့ကို ကျရောက်စေခဲ့သည်။


ဒေသနာကျမ်း ၃း၁၁၊ ရောမသြဝါဒစာ ၆း၁၆၊ ရှင်လုကာခရစ်ဝင် ၁း၇၈-၇၉၊ ရှင်ယောဟန်ခရစ်ဝင် ၁၆း၃၃၊
ရောမသြဝါဒစာ ၅း၁-၂၊ ရောမသြဝါဒစာ ၈း၆။

ဘုရားသခင်နှင့် ကျွန်ုပ်တို့ ကြားရှိ ကွာဟမှုကြီးကို တံတားထိုးဖို့ ကျွန်ုပ်တို့သည် အကြိမ်ကြိမ် ကြိုးစားခဲ့ကြသည်။ သူနှင့် ကျွန်ုပ်တို့ ကြားရှိ ပြတ်တောက်သွားသည့် မိတ်သဟာရကိုလည်း ပြန်လည်တည် ဆောက်ဖို့ အကြိမ်ကြိမ် နည်းလမ်းတွေရှာခဲ့ကြသည်။ ဘယ်အရာမျှ အထမမြောက်ခဲ့ပါ။ ယေရှုခရစ်ကို ယုံကြည် ကိုးစားခြင်းအား ဖြင့်သာ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် အဆက်အသွယ်ရနိုင်ပါသည်။






သုတ္တံကျမ်း ၁၄:၁၂၊ ရောမသြဝါဒစာ ၆:၂၃၊ ရောမသြဝါဒစာ ၃:၂၃။



အတိတ်၊ ပစ္စုပ္ပန် နှင့် အနာဂတ်မှာ ရှိရှိသမျှ ကျွန်ုပ်တို့၏ အပြစ်ဒုစရိုက်များ၊ မှားယွင်းမှုများ၊ အားနည်းချို့နဲ့နေသော အကျင့်သိက္ခာများအတွက် အသေခံပေးသောသူသည် ဤယေရှုပင်ဖြစ်ပေသည်။ သူ၏ အသွေးတော်မြတ်အားဖြင့် ကျွန်ုပ်တို့ကို ဆေးကြောပေးပြီး ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်စေခဲ့သည်။ ဘုရားသခင့်ထံတော်မှ ခွင့်လွှတ်ခြင်း နှင့် ပြောင်းလဲဖေါက်ပြန်မှုကင်းသော မေတ္တာတရားကို ကျွန်ုပ်တို့ ခံစားခွင့် ရခဲ့ကြသည်။ သူ၏အသေခံခြင်းနှင့် သေခြင်းမှရှင်ပြန်ထမြောက်ခြင်းအားဖြင့် ဘုရားသခင်နှင့် လူသားတို့ကြားရှိ ကွာဟမှုကြီးကို တံတားထိုးပေါင်းကူးပေးခဲ့သည်။ ဤသို့ကြောင့်သာ သူသည် ဤလောက၏ ကယ်တင်ရှင်ဖြစ် ရလေသည်။

ရှင်ယောဟန်ခရစ်ဝင် ၃း၁၆၊ ရှင်ပေတရုသြဝါဒစာပထမစောင် ၃း၁၈၊ တိမောသေသြဝါဒစာပထမစောင် ၂း၅-၆၊ ရောမသြဝါဒစာ ၅း၁။

ဤသမ္မာတရားကို လက်ခံရန် သို့မဟုတ် ငြင်းပယ်ရန် ကျွန်ုပ်တို့အားလုံးမှာ အခွင့်အရေးများရှိ
ကသည်။ ဤအကြောင်းတရားများကို စစ်မှန်သည်ဟု ကျွန်ုပ်တို့သည်လက်ခံယုံကြည်ပြီး
ယေရှုခရစ်တော်သည် ဘုရားသခင်ဖြစ်ကြောင်း ကိုးစားမည်ဆိုပါက ယေရှုခရစ်တော်၏ လုပ်ပို
င်ခွင့်အာဏာများနှင့် အခွင့်အရေးများကို ခံစားစံစားမည့် ဘုရားသခင်၏ သားသမီးများဖြစ်လာ
ကြပေလိမ့်မည်။ ယေရှုခရစ်တော်၏ ညီတော်၊နှမတော်များ၊ အမွေစားအမွေခံများ ဖြစ်လာကြသ
ည်။ အကြွင်းမဲ့ လက်မြှောက်အရှုံးပေးလျှက် သင်၏ လိုအင်ဆန္ဒနှင့် ဘ၀အ သက်တာတစ်ခုလ
ုံးကို သူ၏အထံတော်ပါးသို့ လွှဲပြောင်းအပ်နှံလိုက်ပါ။ ဤအရာသည် ရှုပ်ထွေးသောအရာ မ
ဟုတ်သော်လည်း သင်လုပ်ဖူးခဲ့သမျှထဲတွင် အခက်ခဲဆုံးသောအရာ ဖြစ်ကောင်းဖြစ်ပေလိမ့်မ
ည်။ အကယ်၍ သင်သည် ဘုရားသခင်၏ ဂတိတော်များ၊ သူနှင့်မိတ်သဟာရဖွဲ့ခြင်းမှရရှိလာေ
သာ ပျော်ရွှင်ဝမ်းမြောက်ခြင်းများ ကို အမှန်တကယ် တွေ့ကြုံခံစားလိုပါက သင်၏ဘ၀တစ်ခုလုံ
းကို သူ့အားလုံးလုံးပေးအပ်လိုက်ပါ။ သင် အမှန်တကယ်ပဲ ဆန္ဒရှိတယ်ဆိုပါက အရိုးစင်းဆ
ုံးသော ဆုတောင်းချက်ကလေးသည်ပင်လျှင် လုံလောက်ပေလိမ့် မည်။ အဘယ်ကြောင့်ဆိုသေ
ာ် ဘုရားသခင်သည် သင်၏နှလုံးသားကို မြင်တော်မူသည်။ ရိုးရှင်းသော ဆုတောင်းချက်ကလေ
းဖြင့် သင်၏ဘ၀အသက်တာတစ်ခုလုံးကို ဘုရားသခင်ထံပေးအပ်လိုက်ပါ။ သင်ယုံကြည်
ယုံကြည်ကိုးစားလိုက်ချိန်တွင် သင်လုပ်ဆောင်ရမည့်အရာများသည် ဤမျှလောက်သာဖြစ်သတည်း။



 ဖေက်ဩြဝါဒစာ ၂း၁၃၊ ရှင်ယောဟန်ခရစ်ဝင် ၁၄း၆၊ ဟေဗြဲဩဝါဒစာ ၄း၃၊ ဟေဗြဲဩဝါဒစာ ၄း၇-၁၁။

" ကောင်းကင်ဘုံ၌ ရှိတော်မူသော အဘ၊ ကျွန်ုပ်၏ အသက်တာကို ကိုယ်ေ
တာ်အားပေးအပ် ပါ၏။ ကိုယ်တော်အလိုရှိသည့်အတိုင်း ပြုတော်မူပါ၊ ပြောင
်းလဲစေတော်မူပါ။ အတ္တသဘောများကို ကင်းစင်စေ လျှက် ကျွန်ုပ်၏အသက
တာကို ကိုယ်တော်သာ ထိန်းချုပ်ပေးတော်မူပါ။ သို့မှသာ ကိုယ်တော်၏
အလိုတော်အ တိုင်း အသက်ရှင်နိုင်လိမ့်မည်။ အပြစ်ဒုစရိုက်အပေါ်
အောင်မြင်နိုင်သော အခွင့်ကိုပေးတော်မူပါ။ ထိုသို့သော အားဖြင့်
ကျွန်ုပ်သည် ကိုယ်တော်၏ တန်ခိုးနှင့် မေတ္တာတရားအားဖြင့်
သူတပါးအတွက် ပုံသက်သေဖြစ်နိုင်ပေ လိမ့်မည်။ ကိုယ်တော်၏
အလိုတော်တိုင်းအသက်ရှင်ဖို့ ကျွန်ုပ်လက်မြှောက်အရှုံးပေးပါသည်။ ကိုယ်ေ
တာ့်ကိုသာ ကိုးစားလျှက် ကိုယ်တော်၏ အလိုတော်အတိုင်းသာ လုပ်ဆောင်
နိုင်ပါစေ။ ယေရှုဘုရား ဆင်းသက်ကြွရောက် တော်မူပါ။ ကျွန်ုပ်အားဖြင့်
အသက်ရှင်တော်မူပါ။ အာမင်။"



ယေရှုသည်အသေခံတော်မူပြီး သင်္ဂြိုလ်ခြင်းကိုခံပြီးမှ သေခြင်းမစ္စမှာန်ကို အောင်မြင်၍ အသက်ပြန်လည်ရှင်သန် ထမြောက်ခဲ့သည်ကို သင်သည် စိတ်နလုံးအားဖြင့်ယုံကြည်၍ နှုတ်အားဖြင့်ဝန်ခံပါ။ သူသည် သခင်ဘုရား၊ ကယ်တင်နိုင်သောအရှင်၊ လူ့ဇာတိအဖြစ်ကိုခံတော်မူသောဘုရားသခင်၊ ဘုရားသခင်၏ သားတော်၊ ခရစ်တော်နှင့်အတူ အမွေစားအမွေခံ ဖြစ်တော်မူသည်ကို အကြွင်းမဲ့ ယုံကြည်ကိုးစားပါ။

ရှင်ယောဟန်ခရစ်ဝင် ၁၁း၂၅-၂၆၊ ရှင်ယောဟန်ခရစ်ဝင် ၁၄း၆-၇၊ ရောမသြဝါဒစာ ၁၀း၉၊ ရောမသြဝါဒစာ ၁၀း၁၃၊ ကောရိန္တုသြဝါဒစာဒုတိယစောင် ၆း၁၇၊ ဖေက်သြဝါဒစာ ၁း၅-၈၊ ဖေက်သြဝါဒစာ ၂း၈-၁၀၊ ကောလောသဲသြဝါဒစာ ၂း၆-၇၊ ရှင်ယောဟန်သြဝါဒစာပထမစောင် ၅း၁၂-၁၃။

သင်သည် သန့်ရှင်းသော ဝိညာဉ်တော်ကို လက်ခံရရှိသည်နှင့် ဘုရားသခင်၌ အသက်ရှင် သန်လာပြီး လုံးလုံးလျားလျား ပြည့်ဝစုံလင် လာတော့သည်။



သင်သည် သင်၏ဘဝအသက်တာထဲသို့ ယေရှုခရစ်တော်ကို ဝင်လာဘို့ ခေါ်ဖိတ်လိုက်သည့်အချိန်တွင် အာဒံနှင့်ဆိုင်သော ဇာတိမျိုးရိုးမှ ခရစ်တော်နှင့်ဆိုင်သော ထာဝရအသက်ရှင်ခြင်းတည်းဟူသော အတိတ်၊ အနာဂတ် အဆုံးအစမရှိ အမြဲထာဝရတည်တော်မူသော ဘဝအသက်တာထဲသို့ ကူးပြောင်းခဲ့ရသည်။ ဇာတိလူဟောင်းသည် ခရစ်တော်နှင့်အတူ သေဆုံးခဲ့ပြီး လက်ဝါးကပ်တိုင်တော်သို့ ကူးမြောက်သွားခဲ့သည်။




ရောမသြဝါဒစာ ၅း၁၈-၁၉၊ ရောမသြဝါဒစာ ၈း၁-၂၊ ကောရိန္တုသြဝါဒစာဒုတိယစောင် ၅း၂၁၊ ဂလာတိသြဝါဒစာ ၅း၂၄၊ ဖေက်သြဝါဒစာ ၁း၁၃-၁၄၊ ဖေက်သြဝါဒစာ ၃း၁၄-၁၅၊ ရှင်ပေတရုသြဝါဒစာပထမစောင် ၁း၁၈-၁၉။



သင်သည် ခရစ်တော်နှင့်အတူ တစ်လုံးတစ်ဝတည်းဖြစ်လာသည်။ ယင်းသည် မည်သည့်အခါ ၌မျှ ပြောင်းလဲတော့မည်မဟုတ်ပေ။ ယေရှုသည် သင်၏အထဲ၌ အသက်ရှင်ပြီး သင်သည်လည်း သူ၏အထဲ၌ အသက်ရှင်နေသည်။ သူဘယ်သွားသွား သင်သည်အတူ သွားသကဲ့သို့ သင်ဘယ်သွားသွား သူသည်လည်း သင်နှင့်အတူသွားလာနေသည်။

ရှင်ယောဟန်ခရစ်ဝင် ၁၄း၂၀၊ ရောမသြဝါဒစာ ၆း၆၊ ဂလာတိသြဝါဒစာ ၂း၂၀၊ ဂလာတိသြဝါဒစာ ၄း၄-၇၊ ဂလာတိသြဝါဒစာ ၅း၂၄၊

သင်၏ဇာတိလူဟောင်းသည် ယေရှုခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်ပေါ်မှာ သေဆုံး ပြီးသည့်အချိန်၌ သင်သည်လည်း ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကိုခံခဲ့သည်။ သင်၏အသစ်သောဂိညာဉ်သည် ခရစ်တော်နှင့်အတူအသက်ရှင်ပြီး ထက်ကောင်းကင်ဘုံသို့သူနှင့်အတူထမြောက်ခြင်းကိုခံရသည်။ သင်သည် သင်၏အားနည်းချက်များ၊ စိတ်မသန့်သည့်အရာများ၊ သင့်အပြစ်များ၊ ရှက်ကြောက်ဘွယ်ရာအလုံးစုံတို့ကို သင့်နောက်မှာချန်ရစ်ထားခဲ့သည်။ သင်သည် ယေရှုခရစ်တော်၏အထဲ၌အသက်ရှင်ပြီး၊ ယေရှုခရစ်တော်သည်လည်းသင့်အထဲ၌အသက်ရှင်နေပြီဖြစ်သည်။ သင်၏အသက်တာဟောင်းများကို အသစ်သောအသက် တာနှင့် အလဲအလှယ်လုပ်ခဲ့သည်။ယခုတွင်သင်သည်ဘုရားသခင်၏ ဂိညာဉ်တော်ကို ပိုင်ဆိုင်သောသူဖြစ်ပြီး သင်၏အသက်ဂိညာဉ်သည်လည်း ဘုရားသခင်နှင့်အတူအသက်ရှင်နေပြီဖြစ်သည်။ သင်သည် ခရစ်တော်၏ အထဲ၌တည်ရှိပြီး ကြီးမြတ်သည့်ထာဝရအသက်လမ်းခရီး လျှောက်လှမ်းနေသူဖြစ်လာပါသည်။ သင်သည် အသစ်တစ်ဖန်မွေးဖွားသောသူဖြစ်လာပါတော့သည်




ရှင်ယောဟန်ခရစ်ဝင် ၃း၆၊ ရှင်ယောဟန်ခရစ်ဝင် ၁၁း၂၅-၂၆၊ ရောမဩဝါဒစာ၅း၅၊ ရောမဩဝါဒစာ၆း၄-၆၊ရောမဩဝါဒစာ ၆း၁၁၊ ကောလောသဲသဝါဒစာ ၂း၁၂-၁၄၊ ကောလောသဲဩဝါဒစာ ၃း၁-၃၊ ဖေက်ဩဝါဒစာ ၁း၁၃(ခ)၊ ဖေက်ဩဝါဒစာ ၂း၆ ။



ဆုတောင်းခြင်း၌သင်သည် စိတ်နှလုံးဂမ်းမြောက်ငြိမ်သက်ခြင်းခံစားရရှိပါက သင်သည် ဘုရားသခင်၏ အသစ်သောမိသားစုဝင်တစ်ဦးဖြစ်လာပါသည်။ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်မွေးစား ထားသော သူ၏သားသမီးများဖြစ်ပါသည်။ ထို့ကြောင့်ကျွန်ုပ်တို့သည် အစ်ကိုကြီးဖြစ်သော ယေရှုခရစ်တော်နှင့် အတူ အမွေစားအမွေခံများဖြစ်လာကြသည်။ သူသည် သင့်ကို သူ၏မိသားစုဝင်တစ်ဦးအဖြစ် အကြွင်းမဲ့ချစ်၍လက်ခံပါသည်။ သင်သည် ဘုရားသခင်၏ ချစ်သားတစ်ယောက်ပင်ဖြစ်ပါတော့သည်။

ဆာလံကျမ်း ၁၆း၁၁၊ ရောမသြဝါဒစာ ၅း၁၁၊ ရောမသြဝါဒစာ ၈း၁၅-၁၇(က)၊
ကောရိန္သုသြဝါဒစာဒုတိယစောင် ၅း၁၇၊ ဖိလိပ္ပိသြဝါဒစာ ၃း၂၀(က)၊ ဟေဗြဲသြဝါဒစာ ၂း၁၁-၁၂၊ ဗျာဒိတ်ကျမ်း ၂၁း၂ ။

သင်၏ဇာတိလူဟောင်းသည် လက်ဝါးကပ်တိုင်ထက်၌ ယေရှုခရစ်တော်ယူဆောင်ခဲ့သည့် အပြစ်ဂန်ထုပ်နှင့်အတူ အသေခံခဲ့ပြီးဖြစ်သည်။ သင်သည် အပြစ်တရား၏ချည်နှောင်မှုများ၊ ဇာတိအလိုဆန္ဒများ နှင့် စွဲလမ်းမှုများမှ လွတ်မြောက်သောသူဖြစ်ပါသည်။ သင်သည် ခရစ်တော်နှင့်အတူအသေခံခဲ့ပြီး စာတန်မာရ်နတ်၏ လက်နက်တည်းဟူသော သေခြင်းတရား၏ခြိမ်းခြောက်ခြင်းထဲမှ လွတ်မြောက်သောသူဖြစ်ပါသည်။



အသစ်သောခွန်အားသတ္တိများသည် ဤအသစ်သော ထာဝရအသက်တာထဲ၌ပါရှိပါသည်။ သေခြင်းတရား၏ ဩဇာလွှမ်းမိုးခြင်း၊ ထိန်းချုပ်ခြင်းတို့သည် သင့်အတက်တာထဲ၌ မရှိတော့ပေ။ ခရစ်တော်သည် ကျွန်ုပ်တို့၏ လိမ်လည်လှည့်ဖြား၊ ခိုးယူခြင်းအပြစ်များအတွက် အသေခံခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း သူနှင့်အတူ အသေခံခဲ့ပြီး အပြစ်တရား၏ ချုပ်နှောင်မှုထဲမှလွတ်မြောက်သောသူများဖြစ်ကြသည်။ ယခုတွင် ကျွန်ုပ်တို့သည် မိမိ၏သဘော သို့မဟုတ် ဘုရားသခင်၏အလိုတော်ကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိကြသူများဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘဝနှင့် လိုအင်ဆန္ဒများကို ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်ထံ မအပ်နှံခင်တွင်မူ ဤကဲ့သို့ သောရွေးချယ်ခွင့်မျိုး ကျွန်ုပ်တို့၌မရှိခဲ့ပေ။

ရောမဩဝါဒစာ ၆း၁၁-၁၃၊ ရောမဩဝါဒစာ ၈း၁-၂၊ ရောမဩဝါဒစာ ၈း၁၅-၁၇(က)၊ ဂလာတိဩဝါဒစာ ၅း၁၆၊ ကောလောသဲဩဝါဒစာ ၂း၆-၇၊ တိမောသေဩဝါဒစာဒုတိယစောင် ၁း၇၊ ဟေဗြဲဩဝါဒစာ ၂း၁၄-၁၅။



လောကဥ္စ ကျွန်ုပ်တို့သည် ခန္ဓာနှင့်ဝိညာဉ်အားဖြင့် အသက်ရှင်နေသည့်အချိန်တွင် ဤသမ္မာ တ
ရားကို အကြွင်းမဲ့နားလည်ဖို့ရန် ခက်ခဲပေလိမ့်မည်။ သို့သော် ဘုရားခင်၏ဝိညာဉ်တော်သည်
ကျွန်ုပ်တို့၏အထဲ၌ အသက်ရှင်ပြီး ကျွန်ုပ်တို့သည်လည်း ဝိညာဉ်ပကတိ၌အသက်ရှင်သောသူမျာ
းဖြစ်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်ဘုရားသခင်အလိုတော်ရှိသည့် ကြွယ်ဝသောအသက
်တာကိုရရှိဘို့ရန် ဤအကြောင်းတရား များကို ယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့လက်ခံရမည်ဖြစ်သည်။
သင်၏အခြေအနေ၊ သင်သည်ဘယ်သူဘယ်ဝါဖြစ်သည် စသည့်သင်၏အတွေးအခေါ်များအားလုံ
းကို ပြောင်းလဲပစ်ပါ။ သင်၏စိတ်နှလုံးကို အထက်အရာများနှင့် အဘဘုရားသခင်ထံ၌သာအပ်န
ှံပါ။ ကျွန်ုပ်တို့နေ့စဉ်အသက်တာ၌ ကြုံတွေ့နေရသော ညစ်ညမ်းသည့်လောကအရာများ၌
သင်၏စိတ်နှလုံးကိုမထားပါနှင့်။ ဘုရားသခင်၏ မိသားစုဝင်အဖြစ်၌သာ သန့်ရှင်းသည့်ပျော်ရွှင်ဝ
မ်းမြောက်ခြင်းကို သင်ရရှိလိမ့်မည်။ သင်၏ဇာတိလူဟောင်းအသက်တာသည်သေလွန်ခဲ့ပြီးဖြစ်၍
ခရစ်တော်၌အသစ်သောအသက်တာကို သင်ပိုင်ဆိုင်ပြီဖြစ်သည်။ သင်သည် အသစ်သောအသ
က်တာ၌ပုံသဏ္ဌာန်ပြောင်းလဲ ပြီးသောသူဖြစ်ပါသည်။

ရောမသြဝါဒစာ ၈း၅-၆၊ ရောမသြဝါဒစာ ၁၂း၂၊ ကောရိန္ထုသြဝါဒစာပထမစောင် ၂း၁၆၊ ဖေက်သြဝါဒစာ
၂း၆၊ ဖိလိပ္ပိသြဝါဒစာ ၂း၅၊ ဖိလိပ္ပိသြဝါဒစာ ၃း၂၀(က)၊ ဖိလိပ္ပိသြဝါဒစာ ၄း၆-၈၊
ကောလောသဲသြဝါဒစာ ၃း၁-၃၊ တိမောသေသြဝါဒစာဒုတိယစောင် ၁း၇ ။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့မိဘ၏မျိုးရိုး သို့မဟုတ် အာဒံ၏မျိုးရိုးများ၊ သို့မဟုတ် ဘုရားသခင်၏မိသားစုဝင်များဖြစ်ကြသည်။ အခြားသောရွေးချယ်စရာမရှိပေ။ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်အထဲ၌ကျွန်ုပ်တို့သည်  ရှိမနေပါက၊ အာဒံ၏အထဲ၌သာကျန်ရှိနေသေး၏။



များစွာသောယုံကြည်သူများသည် တစ်ဖက်၌ အာဒံ၏မျိုးရိုးဖြစ်သော လောက၏မိသားစု၌လည်းကောင်း၊ ဘုရားသခင်၏မိသားစုဝင်အဖြစ်လည်းကောင်း နှစ်ဘက်ခွပြီးအသက်ရှင်နိုင်ကြသည်ဟု ထင်မှတ်ကြသည်။ထိုကဲ့သို့ အသက်ရှင်ခြင်း၏ရလဒ်များသည် ဝိညာဉ်ရေးအသက်တာ၌ သဘောထားကွဲလွဲမှုများ၊ မတည်ငြိမ်မှုများ ဖြစ်တတ်လေသည်။

ရှင်မဿဲခရစ်ဝင် ၇း၁၃-၁၄၊ ရောမသြဝါဒစာ ၆း၁၆၊ ရောမသြဝါဒစာ ၇း၁၄-၂၅၊ ရောမသြဝါဒစာ ၈း၁-၂၊ ကောရိန္သုသြဝါဒစာပထမစောင် ၁၅း၂၂၊ ဂလာတိသြဝါဒစာ ၅း၁၆၊ ဖိလိပ္ပိသြဝါဒစာ ၃း၂၀။

ဘုရားသခင်သည် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ဟူ၍ သုံးပါးတစ်ဆူ ဖြစ်နေသကဲ့သို့ ကျွန်ုပ်တို့သည်လည်း အာရုံငါးပါးနှင့်ဆက်စပ်နေသော ကျွန်ုပ်တို့၏ကိုယ်ခန္ဓာ၌ သုံးမျိုးတစ်ကိုယ်ဖြင့်အသက်ရှင်ကြသည်။ ကျွန်ုပ်တို့၏ ပင်ကိုယ်စရိုက်များ၊ လိုအင်ဆန္ဒများ၊ ခံစားချက်များကို ဖွင့်ဟပေါ်လွင်စေ နိုင်သော စိတ်ဆိုတဲ့အရာ ကျွန်ုပ်တို့မှာရှိကြသည်။ ကျွန်ုပ်တို့သည်ဝိညာဉ်လူလည်းဖြစ်ကြသည်။ ထိုဝိညာဉ်သည် ခရစ်တော်ကိုယုံကြည်ခြင်းနှင့် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခြင်း၊ သင်္ဂြိုဟ်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း၌တစ်လုံးတစ်ဝတည်းဖြစ်သောအားဖြင့် နိုးကြားလာခဲ့သည်။ ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာတည်ရှိနေခြင်းသည် ဘုရားသခင်နှင့် ဆက်စပ်နေခြင်း၏ အစိတ်အပိုင်းပေတည်း။



ကမ္ဘာဦးကျမ်း ၂း၇၊ ရှင်မဿဲခရစ်ဝင် ၃း၁၃-၁၇၊ ရှင်ယောဟန်ခရစ်ဝင် ၃း၆၊ ရောမသြဝါဒစာ ၈း၁၀၊ ကောရိန္သုသြဝါဒစာပထမစောင် ၃း၁၆-၁၈၊ သက်သလောနိတ်သြဝါဒစာပထမစောင် ၅း၂၃-၂၄၊ ဟေဗြဲသြဝါဒစာ ၄း၁၂။

ကျွန်ုပ်တို့၏ကဏ္ဍသည် ခရစ်တော်ကို အကြွင်းမဲ့ လက်မြှောက်အရှုံးပေ
းရန်ဖြစ်သည်။ သူ၏အလိုတော်သည် ကျွန်ုပ်တို့၏အထဲ၌သူအသက်ရှင်ပြီး



ဤလောက၌သူ့အလိုတော်ပြည့်စုံစေဘို့ရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏က
ိုယ်ခန္ဓာဖြစ်ကြပြီး ကျွန်ုပ်တို့အားဖြင့် ဘုရားသခင်၏မိသားစု ကြီးပွားပျံ့ပွားစေရန်
အလိုတော်ရှိပါသည်။ ဘုရားသခင်၏မိသားစုမှကြိုဆိုပါသည်။ သင်သည်အသစ်သော
ဘုရားသခင်၏မိသားစုဝင်ဖြစ်ပါသည်။ သို့ဖြစ်၍ သင်၏ဇာတိလူဟောင်းကို နှုတ်ဆက
်ပြီး သင်၏အထဲ၌ခရစ်တော်ကို အသက်ရှင်စေခြင်းအားဖြင့် အသစ်သောအသက်တ
ာကို ကြိုဆိုပါ။

ရောမဩဝါဒစာ ၆း၁၁-၁၃၊ ရောမဩဝါဒစာ ၈း၁၀၊ ရောမဩဝါဒစာ ၁၂း၁၊ ရောမဩဝါဒစာ ၁၂း၄-၅၊
ကောရိန္သုဩဝါဒစာပထမစောင် ၃း၁၆၊ ကောရိန္သုဩဝါဒစာပထမစောင် ၆း၁၉-၂၀၊ ကောရိန္သုဩဝါဒစာ
ဒုတိယစောင် ၅း၁၆-၂၁၊ ဖေက်ဩဝါဒစာ ၄း၂၁-၂၄၊ ဖိလိပ္ပိဩဝါဒစာ ၂း၅-၈၊ ကောလောသဲ ၁း၂၇၊
ရှင်ယောဟန်ဩဝါဒစာပထမစောင် ၃း၁-၃၊ ရှင်ယောဟန်ဩဝါဒစာပထမစောင် ၃း၉-၁၀၊ ရှင်ယောဟ
န်ဩဝါဒစာပထမစောင် ၅း၁၈-၁၉။

ကျွန်ုပ်တို့သည် ဘုရားသခင်၏သားသမီးများ၊ ယေရှုခရစ်တော်နှင့်အတူ အမွေဆက်ခံသူများ ဖြစ်သကဲ့သို့ ယင်းအမွေတော်ကို ခံစားကြရပြီး၊ ဘုရားသခင်၏ကြွယ်ဝသောအသက်တာကိုလည်း မြည်းစမ်းရကြသည်။ သင့်အထဲ၌ရှိသော ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် သူ၏အလိုတော်လိုက်လျှောက်သင်ယူဘို့ရန် သင်ဆန္ဒရှိလာမည် ဖြစ်သည်။ ဘုရားသခင်သည် သားတော်ယေရှုခရစ်၌ သူ့ကိုယ်သူ အကြွင်းမဲ့ဖော်ပြထားပါသည်။ ထိုကြောင့် သင်သည် သမ္မာကျမ်းစာထဲ၌ရှိသော ဓမ္မသစ်ကျမ်းကို ဖတ်ခြင်းအားဖြင့် ယေရှုခရစ်တော်၏အကြောင်းကို လေ့လာသင့်ယူ၍ရပေသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် သင့်အတွက် ပထမဦးဆုံးဖတ်ရှုက်လေ့လာရန်သင့်တော်သည်။ ကမ္ဘာဦးကျမ်းရှိ ပထမဆုံးအခန်းကြီးဆယ့်နှစ်ခု၌ရှိသောအကြောင်းအရာများ သည် အစကနဦး၏ဖြစ်စဉ်များကို ရှင်းလင်းဖော်ပြထားခြင်းဖြစ်သည်။ ဤစာပိုဒ်များ၏အောက်၌ ရှိသော ရည်ညွှန်းကျမ်းပိုဒ်များကို သင်၏သမ္မာကျမ်းစာအုပ်နှင့် အတူယှဉ်တွဲ၍လေ့လာပါ။ သို့မဟုတ် ဤစာအုပ်၏ ကျမ်းညွှန်းအခန်းကဏ္ဍကိုယှဉ်တွဲ၍လေ့လာပါ။ ဤစာပိုဒ်များ၏ ဆိုလိုရင်းကို သင်ပို၍နားလည်လာလိမ့်မည်ဖြစ် သည်။



ဆုတောင်းခြင်းအားဖြင့် သင်၏အဘဘုရားသခင်ကို နေ့တိုင်းစကားပြောပါ။ အသစ်သောသင့်ဘဝ အသက်တာနှင့် အသစ်သောမိသားစုဝင်အတွက် ကျေးဇူးတင်ကြောင်းပြောပါ။ မိတ်ဆွေရင်းကဲ့သို့လည်းကောင်း၊ သင်၏ဘေးနားမှာ ထိုင်နေသည့် မိတ်ဆွေရင်းချာကဲ့သို့လည်းကောင်းပွင့်လင်းစွာစကားပြောပါ။ ယေရှုခရစ်တော်ကို ကိုယ့်ရဲ့ညီအစ်ကိုအရင်းပမာ အာရုံပြုလျက်ဆုတောင်းပါ။

သမ္မာကျမ်းစာကိုဖတ်ရှုက်ပါ။ သင့်အထဲ၌ကိန်းဝပ်တော်မူသော ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် သမ္မာကျမ်းစာ၏အနက်အဓိပ္ပာယ်ကို အသစ်တဖန်သင်နားလည်လာလိမ့်မည်။ သမ္မာကျမ်းစာထဲ၌ရှိ သောကျမ်းပိုဒ်များသည် သင့်ကိုစကားပြောနေသောအဘဘုရားသခင်၏ အသံတော်၊ အဘဘုရားသခင်၏နှုတ်ထွက်တော်များဖြစ်ပါသည်။ စဉ်းစား၍မမှီနိုင်အောင် သူသည် သင့်ကိုချစ်နေသည်။

သင်သည်ယုံကြည်ခြင်း၌ကြီးထွားလာဖို့ရန်အသင်းတော်သို့မဟုတ်သမ္မာကျမ်းစာလေ့လာသောအစုအဝေးကိုရှာလျက် သူတို့နှင့်အတူသင့်အသက်တာကိုနှစ်မြုပ်ပါ။ အခြားသောယုံကြည်သူများ အားဖြင့်လည်း ကောင်းကင်ဘုံ၌ရှိသောအဘဘုရားသခင်သည် သင့်ကိုစကားပြောနိုင်ပါသည်။

သင်သည်ယေရှုခရစ်တော်ကိုလက်ခံယုံကြည်ပြီးသည့်နောက်တွင်ဗတ္တိဇံမင်္ဂလာခံယူရမည်။ဤဗတ္တိဇံမင်္ဂလာခံယူခြင်းသည်ဘုရားသခင်ကို ဂုဏ်ခံခြင်း၊ သက်သေခံခြင်း၊ သူနှင့်တစ်လုံးတစ်ဝတည်းဖြစ်ခြင်းကို ပုံသက်သေပြခြင်းဖြစ်ပါသည်။

ခရစ်ယာန်ယုံကြည်ခြင်း၌သင့်ကိုပံ့ပိုးပေးနိုင်မည့်သူ၊ လမ်းညွှန်ပေးနိုင်မည့်သူ၊ သင်အားကိုးအားထားလို့ရမည့်သူ၊ သင့်ကိုသင်ကြားပေးနိုင်မည့်သူ တစ်စုံတစ်ဦးကိုရှာပါ။

ယေရှုခရစ်တော်နှင့်ဆိုင်သည့် သင်၏အသစ်သောယုံကြည်ခြင်းအကြောင်းကိုတစ်ခြားသူများထံပြောပြပါ။

ဟေဗြဲ၊ ဟေလသပါဠိတော်မှ မြန်မာဘာသာအားဖြင့် ဆရာယုဒသန် အနက်ပြန်၍ ပုံနှိပ်သော သမ္မာကျမ်းစာအုပ်ကို ဝယ်ယူပြီး ဖတ်ရှုက်လေ့လာရန် ကျွန်ုပ်တို့အကြံပြုချင်ပါသည်။ သင်၏ ဝိညာဉ်အသက်တာ ခရီးလမ်းအား ဘုရားသခင်ကောင်းချီးပေးပါစေ။

ယောရှုမှတ်စာ ၁း၈၊ ရှင်မဿဲခရစ်ဝင် ၃း၁၃-၁၇၊ ရှင်မဿဲခရစ်ဝင် ၇း၇-၈၊ ရှင်မဿဲခရစ်ဝင် ၁၀း၃၂၊ ရှင်ယောဟန်ခရစ်ဝင် ၁၄း၁၃-၁၄၊ ရှင်ယောဟန်ခရစ်ဝင်၁၅း၇၊ ဖိလိပ္ပိဩဝါဒစာ ၄း၆-၇၊ ဟေဗြဲဩဝါဒစာ ၄း၁၂၊ ရှင်ယာကုပ်ဩဝါဒစာ ၅း၁၅-၁၆၊ ရှင်ယောဟန်ဩဝါဒစာပထမစောင် ၁း၉။

လောက၏ပုံသဏ္ဍာန်ကို ပုံတူမကူးချပါနှင့်။ သင်၏အတွေးအခေါ်
အကြံအစည်များအား ပြောင်းလဲခြင်းအားဖြင့် လူသစ်အဖြစ်သို့ သင့်
ကိုပြောင်းလဲစေဘို့ ဘုရားသခင်ကို အခွင့်ပေးလိုက်ပါ။ ဤသို့ဖြင့်
သင့်အတွက်ပို၍ကောင်းမွန်ပြည့်စုံသော ဘုရားသခင်၏အလိုတော်ကို
သင်နားလည်လာလိမ့်မည်ဖြစ်သည်။

ရောမသြဂါဒစာ ၁၂း၂



ငါအသက်ရှင်သကဲ့သို့ သင်တို့သည်လည်းအသက်ရှင်လိမ့်မည်။
ငါသည်ထမြောက်သောအခါ ငါသည်ငါ့ခမည်းတော်၏အထဲ၌ရှိသ
ည်ကိုလည်းကောင်း၊ သင်သည်ငါ့အထဲ၌ရှိသည်ကို လည်းကောင်း၊
ငါသည်သင်၏အထဲ၌ရှိသည်ကိုလည်းကောင်း သင်သိရလိမ့်မည်။
ရှင်ယောဟန်ခရစ်ဝင် ၁၄း၁၉(ခ)-၂၀




ကျွန်ုပ်တို့သည် သူနှင့်အတူ အသေသတ်ခြင်း၊ သင်္ဂြိုလ်ခြင်း၊ ထမြောက်ခြင်း၌ ရှိသ
ကဲ့သို့ ယခုတွင် ကျွန်ုပ်တို့သည် ဘုရားသခင်ရှိရာအရပ်၌ သူနှင့်အတူတည်ရှိလျက်
နေ၏။ ကျွန်ုပ်တို့သည် ယေရှုခရစ်တော်နှင့်အတူ တစ်လုံးတစ်ဂတည်းဖြစ်ခြင်းအာ



ားဖြင့် သေခြင်းမှခရစ်တော်နှင့်အတူ ရှင်ပြန် ထမြောက်စေပြီး ကောင်းကင်ဘုံ၌
သူနှင့်အတူ နေရာပေးတော်မူ၏။

ဖေက်သြုဂါဒစာ ၂း၆



ကျွန်ုပ်၏ ဇာတိလူဟောင်းသည် ခရစ်တော်နှင့်အတူ အသေသတ်ခြင်း
ကိုခံခဲ့ပြီ။ ယခု အသက်ရှင်သောသူသည် ကျွန်ုပ်မဟုတ်ဘဲ ခရစ်တော်
သည်ကျွန်ုပ်၏အထဲ၌ အသက်ရှင်ခြင်းဖြစ်သည်။ ထို့ကြောင့် မိမိကိုယ
‘ကိုပင်စွန့်သည့်တိုင် ကျွန်ုပ်ကိုချစ်သော ဘုရားသခင်၏သားတော်ကို
ယုံကြည်သော အားဖြင့် ကျွန်ုပ်သည် ဤလောက၌ ကိုယ်ခန္ဓာအားဖြင့်
အသက်ရှင်ခြင်းဖြစ်ပေသည်။

ဂလာတိသြဝါဒစာ ၂း၂၀

ယခုတွင် သင်သည် ဘုရားသခင်၏ သားဖြစ်သွားပြီ။

ဘုရားသခင်၏သားဖြစ်ရသည့်အတွက် ဘုရားသခင်၏သားသမီးများနှင့်ဆိုင်သည့် အခွင့်ထူးအခွင့်ကောင်းမှန်သမျှကို ပိုင်ဆိုင်ခွင့်ရရှိလာပါတော့သည်။ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခွင့်ရလာသည်။ အဖဟူ၍ခေါ်နိုင်သည်။ သူ၏ပေါင်ပေါ်၌ထိုင်၍ စိတ်ထဲရှိသမျှကို ဖွင့်ဟသွန်ချလိုက်ပါ။ သည့်အပြင် သူ့ကို အမြဲတမ်းချစ်ခင်ယုယတတ် သော ဖခင်တစ်ဦးကဲ့သို့လည်းကောင်း၊ အဖေါ်မွန်ကောင်းတစ်ဦးကဲ့သို့လည်းကောင်း၊ မိတ်ဆွေကောင်းတစ်ဦး ကဲ့သို့လည်းကောင်း၊ အထောက်အပံ့ကောင်းတစ်ဦးကဲ့သို့လည်းကောင်း၊ လူယုံတစ်ဦးကဲ့သို့လည်းကောင်း ဖြစ်ခွင့်ပေးလိုက်ပါ။ ယင်း အခွင့်ထူးအခွင့်ကောင်းများနှင့်အတူ တာဝန်ဝတ္တရားများလည်းရှိနေပေသည်။ နောက် လာမည့် စာမျက်နှာများတွင် ထိုတာဝန်ဝတ္တရားများကို ဆက်လက်ရှင်းပြသွားမည်ဖြစ်သည်။ သင်သည်ခရစ်တော်ကို လက်ခံယုံကြည်ပြီးပြီဆိုလျှင် အခြားသူတစ်ယောက်ကို ထပ်ဆင့်ဝေငှပြောပြဘို့ သွန်သင်ခြင်းကို ခံရပေသည်။


အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုဝန်ခံအံ့၊ ကောင်းကင်ဘုံ၌ရှိသော ငါ၏ ခမည်းတော်ရှေ့မှာ ထိုသူကိုငါဝန်ခံမည်။ရှင်မဿဲခရစ်ဝင် ၁၀း၃၂။

အဓိကပြဿနာသည် အဘယ်ကဲ့သို့ လုပ်ဆောင်ရမည်ကို ကျွန်ုပ်တို့အား သေသေချာချာ ဂဃနဏမသွန်သင် ပေးခြင်းပင်ဖြစ်ပေသည်။ သို့သော် လုပ်ရိုးလုပ်စဉ်သည် အလွန်ရိုးရှင်းပါသည်။ နောက်လာမည့်စာမျက်နှာများ၌ လည်း ကိုယ့်ဘဝဇာတ်ကြောင်းကို အဘယ်ကဲ့သို့ပြောပြရမည်နည်း ဟူသော ကြောင်းအရာဖြင့် ရှင်းပြထားပါ သည်။ ယင်းသို့လုပ်ဆောင်နိုင်ဘို့ အဓိကသော့ချက်သည် လိုအင်ဆန္ဒပင်ဖြစ်ပေသည်။ သင့်အနေဖြင့် သင်၏ ဘဝအသက်တာ တစ်ခုလုံးနှင့် လိုအင်ဆန္ဒများကို ယေရှုခရစ်တော်က လုံးလုံးလျားလျား ထိန်းချုပ်ပေးဘို့ ရိုးရိုး သားသား ဆုတောင်းမည်၊ တောင်းလျှောက်မည်ဆိုပါက အရိုးရှင်းဆုံးနှင့် အလွယ်ကူဆုံးအယူအဆများဖြင့် လုပ်ဆောင်နိုင်ပေလိမ့်မည်။ ထိုတဒင်္ဂ အတောအတွင်း ယေရှုခရစ်တော်သည် သင်၏အထဲ၌ ကိန်းဝပ်လျှက် သင်၏အတွေးအခေါ်၊ ဆုံးဖြတ်ချက် နှင့် ခံစားချက်များကို ပြောင်းလဲစေလိမ့်မည်။ အကျွန်ုပ်သည် အထက်က မျက်စိကန်း၍ ယခုမျက်စိ မြင်၏ (ရှင်ယောဟန် ၉း၂၅) ဟု ဆိုသကဲ့သို့ အယူအဆသည် ရိုးရှင်းပါသည်။ သင်သည် သင်၏ဘဝဇာတ်ကြောင်းကို ဝေငှပြောပြနေခြင်းသည် ဘုရားသခင်လုပ်စေချင်သော အလုပ်ကို လုပ် နေခြင်းနှင့် သူ့ကိုနာခံနေခြင်းလည်း သက်ရောက်ပါသည်။ သင်သည် သင်၏ ဘဝသစ်ကို စတင်မောင်းနှင်နေပါသည်။ သို့သော် ထိုအရာသည်သင်မဟုတ်ပါ၊ သင်၏အထဲ၌ ရှိသော ခရစ်တော်ကြောင့်ဖြစ်သည်ကို မမေ့ပါနှင့်။ သို့ဖြစ်၍ လိုအင်ဆန္ဒရှိပါ၊ ခရစ်တော်ကို စကားပြောခွင့်ပေးလိုက်ပါ။




................လက်ဆင့်ကမ်းလိုက်ပါ။

တစ်ပါးသူတွေလည်း ခရစ်တော်ကိုသိရှိဘို့ ခေါ်ဆောင်လမ်းပြပေးရန်နှင့် ဘုရားသခင်၏နိုင်ငံတော်ကို ကျယ်ပြန့် စေဘို့ ကျွန်ုပ်တို့မှာ တာဝန်ရှိပေသည်။ လူသားသည် ပျောက်သောသူတို့ကို ရှာ၍ ကယ်တင်အံ့သောငှာ ကြွလာသတည်း (ရှင်လုကာခရစ်ဝင် ၁၉း၁၀)။ သင်သည် ခရစ်တော်၏ ကိုယ်ခန္ဓာဖြစ်သောကြောင့် နောက်လာ မည့်စာမျက်နှာများတွင် လမ်းညွှန်ထားသည့်အတိုင်း ဤတာဝန်ဝတ္တရားကို ထမ်းဆောင်နိုင်ပါသည်။ အဓိက သော့ချက်သည် အမြဲအသင့်ရှိနေဘို့ရန်သာ ဖြစ်သည်။ သင့်ကို သင် အသင့်ဖြစ်နိုင်အောင် လုပ်ဆောင်ရမည်။ သို့မှသာ ခရစ်တော်သည် သင်၏အသက်တာအားဖြင့်ထင်ရှားပြီး တစ်ပါးသူတွေကိုလည်း လက်ကမ်းတွဲကူနိုင် မည်ဖြစ်သည်။ သူစိမ်းတွေဆီကို သွားပြီးစကားပြောဘို့ သင့်ကိုမစေခိုင်းသည့်တိုင်အောင်၊ သင်နှင့် သိကျွမ်းရင်း နီးပြီးသော အသိအကျွမ်းများထံသို့ တစ်ရက်ခြားတစ်ခါခန့်မျှ သွားရောက်လည်ပတ်တွေ့ဆုံဘို့ ခရစ်တော်သည် သင့်ကိုတောင်းဆိုနေပါသည်။ ဘုရားသခင်သည် သူတို့ကို ရွေးကောက်ထားပြီးဖြစ်သည်။ သူသည် သခင်ယေရှု ကို သိချင်ကောင်းသိချင်နေလိမ့်မည်ဟူ၍ တစ်စုံတစ်အကြောင်းကို သင်စဉ်းနေခြင်းသည် ခရစ်တော်၏ စိတ်နှင့် သင် စတင်ပြီး စဉ်းစားမိနေခြင်းဖြစ်ပေသည်။ ပျောက်ဆုံးဝိညာဉ်ကယ်တင်သူဟူသောအခန်းကဏ္ဍတွင် တစ်ပါး သူတွေ ခရစ်တော်ကို သိရှိနိုင်ရန်၊ ဘုရားသခင်နှင့် ငြိမ်သက်ခြင်းခံစားနိုင်ရန် မည်သို့ခေါ်ဆောင်လမ်းပြ ပေးရ မည်ကို သင်ယူရလိမ့်မည်။ လမ်းညွှန်မှုများသည် ခက်ခက်ခဲခဲ မဟုတ်ပါ။ သင့်ဘက်မှလိုအပ်နေတာ သင်၏ လိုအင်ဆန္ဒတစ်ခုနှင့် သင်၏ဘဝအသက်တာ၌ ယေရှုခရစ်တော်ကို ရှင်သန်ခွင့် ပေးလိုက်ဖို့ပါပဲ။ပထမဦးဆုံးအနေနှင့် တိုက်တွန်းလိုသည်မှာ လူများအတွက်ဆုတောင်းပေးပါ။ သူတို့ကို ကူညီဖေးမပေးဘို့ ဘုရားသခင်အား တောင်းလျှောက်ပါ။ သူတို့အတွက် ကိုယ်စားပြုဆုတောင်းပေးပါ။ သူတို့အတွက် ကျေးဇူး တော်ကိုချီးမွမ်းပေးပါ။ တိမောသေသြဝါဒစာပထမစောင် ၂း၁။



ပထမဦးဆုံးအနေနှင့် တိုက်တွန်းလိုသည်မှာ လူများအတွက်ဆုတောင်းပေးပါ။ သူတို့ကို ကူညီဖေးမပေးဘို့ ဘုရားသခင်အား တောင်းလျှောက်ပါ။ သူတို့အတွက် ကိုယ်စားပြုဆုတောင်းပေးပါ။ သူတို့အတွက် ကျေးဇူး တော်ကိုချီးမွမ်းပေးပါ။ တိမောသေသြဝါဒစာပထမစောင် ၂း၁။




အကျွန်ုပ်သည် အထက်က မျက်စိကန်း၍ ယခုမျက်စိ မြင်၏ (ရှင်ယောဟန် ၉း၂၅)။

ကိုယ့်ဘဝဇာတ်ကြောင်းကို အဘယ်ကဲ့သို့ပြောပြရမည်နည်း

ကိုယ်တွေ့သက်သေခံချက်များအားဖြင့် ခရစ်ယာန်တို့၏ ပုံသက်သေ

ယေရှုခရစ်တော်ကို သိကျွမ်းခြင်း၊ ယုံကြည်ကိုးစားခြင်းနှင့်ဆိုင်သော သင်၏ ကိုယ်တွေ့ သက်သေခံချက်များကို ဝေငှခြင်းသည် တစ်ကိုယ်ရေ ဧဝံဂေလိလုပ်ငန်း၏ ပထမခြေလှမ်းဖြစ်သည်။ ကိုယ်တွေ့ သက်သေခံခြင်းနှင့်ပတ် သက်၍ နှစ်မျိုးနှစ်စားရှိပါသည်။ တစ်မျိုးသည် သမိုင်းကြောင်းနှင့်ဆိုင်သည်။ ယင်းတွင် ယေရှုခရစ်တော်ကို မိမိဘဝ၏ ကယ်တင်ရှင်အသက်သခင်အဖြစ် မလက်ခံမကြည်မှီ၊ လက်ခံယုံကြည်နေစဉ်နှင့် လက်ခံယုံကြည်ပြီး ကာလအတွင်းရှိ မိမိ၏ဘဝ အသက်တာအကြောင်းကို ပြောပြခြင်းများ ပါဝင်သည်။ အခြားတစ်မျိုးမှာ အကြောင်း အရာတစခုပေါ် တည်မှီသောသက်သေခံနည်းဖြစ်သည်။ ဆိုလိုသည်မှာ ကိုယ့်ရဲ့ကယ်တင်ခြင်းရခဲ့သည့် အကြောင်းအရာ၊ ထိုအချိန်မှစ၍ ကိုယ့်ရဲ့ဘဝပြောင်းလဲခဲ့သည့် အကြောင်းအရာ၊ စသဖြင့် အကြောင်းအရာပေါ် အခြေခံသည်။ ဤကဲ့သို့သော သက်သေခံချက်မျိုးသည် ကလေးဘဝမှစ၍ ယေရှုခရစ်တော်ကို သိရှိခဲ့သောသူ များအတွက်သင့်လျော်သည်။ အသက်တာပြောင်းလဲခဲ့သည့် အချိန်မှစ၍ မိမိ၏ဘဝအကြောင်းစုံကို စီကာပတ် ကုံး ပြောပြနိုင်သည်။ သည့်အပြင် မိမိကိုယ်မိမိ ခရစ်ယာန်တစ်ယောက်ဟု တစ်ဘဝလုံး ထင်မှတ်ခဲ့ပြီးမှ ဘုရား သခင်ကို အမှန်တကယ်မသိရှိခဲ့မှန်း တွေ့ရှိလာကာ နောင်တတရားဖြင့် လက်မှောက်အရှုံးပေးသည့် အနေ အထားကိုရောက ရှိသွားသူနှင့်လည်း အပ်စပ်မှုရှိသည်။ အခြေခံအကျဆုံးသော အကြောင်းအရာများဖြင့် သက်သေခံချက်ကို အစပြုပါ။ နှစ်ဦးနှစ်ဘက် စိတ်ဝင်စားမှုရှိနိုင်မည့် ကိုယ်နေထိုင်ရာမြို့အကြောင်း၊ အလုပ်အ ကြောင်း၊ ကျောင်းအကြောင်း စသည်တို့ကို ဝေငှပြောပြပါ။

မည်သို့ ဖြစ်ခဲ့သနည်း

ကိုယ့်ဘဝဇာတ်ကြောင်းကို ပြောပြရာတွင် သင့်ရဲ့တွေးခေါ်မှု ပုံစံများ၊ အသက်ရှင်မှုပုံစံများကို ပြောင်းလဲချင်စိတ် ဖြစ်လာအောင် တွန်းအားပေးခဲ့သော ဘဝခရီးစဉ်ဖြတ်သန်းလာခဲ့ပုံများကို လိုရင်းတိုရှင်းပြေပြပါ။ ဘယ်တော့မှ ထပ်၍ပြန်မလုပ်ချင်သော၊ မလုပ်ခဲ့မိရင် သိပ်ကောင်းမှာပဲလို့ ခံစားခဲ့မိသော အမှားများ၊ ရွေးချယ်မှုများ နှင့် ဆုံး ဖြတ်ချက်များ ကျွန်ုပ်တို့အားလုံးမှာ ရှိခဲ့ကြပါသည်။ အခွင့်အရေးသာ နောက်တစ်ခါရခဲ့မည်ဆိုရင် ပြောင်းလဲပြီး အသက်ရှင်ချင်ကြသည်။ တစ်ခါတစ်ရံတွင် အကြောင်းအရာတစ်ခုကြောင့် ကျွန်ုပ်တို့တွန့်ဆုတ်တဲ့အချိန်မျိုး၊ ကြီးမားတဲ့အမှားတစ်ခု ဒါမှမဟုတ် မျှော်လင့်မထားတဲ့အဖြစ်အပျက်တစ်ခုကြောင့် ကျွန်ုပ်တို့၏ဘဝကို ပြန်ပြောင်း အောက်မေ့တဲ့အချိန်မျိုးတွေလဲရှိတတ်သည်။ မည်သည့် အခြေအနေမျိုးပဲရှိစေကာမူ၊ ကျွန်ုပ်တို့၏ အပြုအမူနှင့် ကျင့်ဆောင်မှုများ၏ အကျိုးဆက်များသည် ငါဆိုတဲ့ အတ္တကို အဆုံးစီရင်ဘို့ အထောက်အကူပြု ဓာတ်ကူပစ္စည်းပမာဖြစ်လာလေ့ရှိသည်။ ထိုအချိန်တွင် ကျွန်ုပ်တို့သည် အရင်ကနည်းတူ အသက်ရှင်လို့မရတော့မှန်း၊ ပြောင်းလဲဘို့လိုအပ်နေမှန်း၊ သို့မဟုတ်ပါက ကြီးကြီးမားမား ပေးဆပ်ရတော့မည်မှန်း သိရှိနားလည်လာကြတော့ သည်။ အကျိုးဆက်အတွက် သင်သည် ယခုပင်ပေးဆပ်နေရတာလဲ ဖြစ်ကောင်းဖြစ်နိုင်သည်။ ကိုယ့်အားကို ကိုးစားလို့မရတော့မှန်း၊ ကိုယ့်ကိုကို အမှီပြုလို့မရတော့မှန်း နားလည်သိရှိကြသည့် ဘဝခရီးတစ်နေရာကို ကျွန်ုပ်တို့အားလုံး ကြုံဖူး၊ ရောက်ရှိဖူးကြပါသည်။ အတ္တသည် သူ့အလုပ်ကို ဘယ်တော့မှ အပြီးတိုင်မလုပ်နိုင်ပါ။ ဘုရား သခင်အစစ်ကို ရှာဖွေဖေါ်ထုတ်ပြီး၊ ဇာတ်ကောင်နေရာမှ ကျွန်ုပ်တို့ ဆင်းပေးဘို့ လိုအပ်နေပါပြီ။



ဘာဖြစ်ခဲ့သနည်း

ကျွန်ုပ်တို့သည် ကိုယ့်ကိုကို နှိမ့်ချပြီး စကြာဝဠာ၏ အရှင်သခင်များမဟုတ်ကြမှန်း သိရှိနားလည်လာကြသည့် အခါ ကျွန်ုပ်တို့နှင့်သာဆိုင်သည့် ရွေးချယ်စရာအခွင့်အရေးများကို ဆင်ခြင်သုံးသပ်လာကြသည်။ အံ့သြဖွယ်ရာနည်းလမ်းအားဖြင့် ဝေငှဆော်သြသောသူ ပေါ်ပေါက်လာခဲ့သည်။ သူသည် သာ၍ကောင်းမွန်ပြည့်စုံသော ထာဝရအသက်နှင့် ဘုရားသခင်၏ငြိမ်သက်ခြင်း အကြောင်းကို ကျွန်ုပ်တို့အားပြောပြနေသည်။ မိတ်ဆွေတစ်ဦး အားဖြင့်၊ အမျိုးအဆွေအားဖြင့်၊ ကလေးသူငယ်တစ်ယောက်အားဖြင့်၊ ညီအစ်ကိုမောင်နှမများအားဖြင့် စသဖြင့် ပုံစံအမျိုးမျိုးဖြင့် ကျွန်ုပ်တို့အားဆော်သြပြောပြတတ်ပါသည်။



ထိုဆော်ဩသောသူသည်သင့်ကို အသင်းတော် သို့မဟုတ် သမ္မာကျမ်းစာလေ့လာသည့် အစီအစဉ်များတွင် သွားရောက်ပါဝင်ဘို့ ပြောပြကောင်းပြောပြလိမ့်မည်။ သူ၏ ကိုယ်တွေ့သက်သေခံချက်များကို သင့်အားဝေငှပြီး သင်၏ပြဿနာများကို ဝိညာဉ်သဘောနင့်သာချဉ်းကပ်ဘို့၊ ယေရှုခရစ်တော်အား သင့်အသက်တာ၌ ပထမနေရာတွင်ရှာဖွေဘို့၊ ကိုယ့်အစွမ်းအစဖြင့် ရှေ့ဆက်ရန်မဖြစ်နိုင်တော့သည့် သင်၏ အားနည်းချက်များကိုဝန်ခံဘို့ အကြံပြုကောင်းပြုပေလိမ့်မည်။ ဤသို့ဖြင့် ဘုရားသခင်ကိုရှာဖွေရင်း တစ်စုံတစ်ခုသောအရာက ကိုယ့်ရဲ့အာရုံကိုဖမ်းစားလာပြီး လက်မြှောက်အရှုံးပေးခြင်းဖြင့် အသစ်သောအသက်ရှင်သန်နည်း ကိုလက်ခံဘို့ အဆင်သင ဖြစ်စေခဲ့သည်။ ဖြစ်နိုင်သမျှသော နည်းလမ်းအားဖြင့် ဘုရားသခင်၏သားဖြစ်ချင်လာ သည်။ သင်၌ အမှန်တကယ်ပင် ဖြစ်ပျက်လာခဲ့သည်။ သင်၏ဘဝအသက်တာတစ်ခုလုံးနှင့် လိုအင်ဆန္ဒများကို အပ်စိုးဘို့၊ ထိန်းသိမ်းတာဝန်ယူပေးဘို့ ယုံကြည်မှုအပြည့်ဖြင့် ယေရှုခရစ်တော်ကို သင် တောင်းလျှောက်ခဲ့သည်။ ဤသို့ဖြင့် အသစ်သောအသက်တာသည် အစပြုလာခဲ့သည်။



### ယခု မည်သို့ဖြစ်နေသနည်း

သင်သည် ဘုရားသခင်၏သား၊ အသစ်တစ်ဖန်မွေးဖွားသော ယုံကြည်သူဖြစ်လာသည်။ သင်သည် သခင်ယေရှုခရစ်တော်အား သင့်ဘဝ၏ကယ်တင်ရှင်၊ သင်၏ဘုရားသခင်အဖြစ် ယုံကြည်ကိုးစားလျက် ချစ်ကျွမ်းဝင် လာခဲ့တော့သည်။သင်၏ဘဝအသက်တာသည် ပြောင်းလဲလာပြီး အသစ်သောအပြုအမူနှင့် အသစ်သော တန်ဖိုးများ၏ လမ်းကြောင်းသစ်အပေါ်သို့ရောက်ရှိလာခဲ့သည်။ ယခုတွင်သင်သည် ကောင်းကင်ဘုံ၌ရှိသော အဘဘုရားသခင်နှင့်ပတ်သက်၍ တာဝန်ရှိသောသူဖြစ်လာပါသည်။ ဤအခန်းကဏ္ဍတွင် သင်သည် သင့်ဘဝ၊ သင့်အတွေးအခေါ်၊ သင့်ကိုယ်ကျင့်တရားများမည်သို့ ပြောင်းလဲခဲ့သည်ကို ပြန်ပြောင်းအောက်မေ့ရမည်။ မှားယွင်းသောလမ်းကြောင်းပေါ်သို့ သင်ဦးတည်နေသည့်အချိန်တွင် သန့်ရှင်းသောဝိညာဉ်တော်သည် လမ်းမှန်ကိုပြပြီး၊ ပြုပြင်ပေးခဲ့သည့်အကြောင်း၊ သင့်ဘဝ၏အခက်အခဲများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဘုရားသခင်၏ကျေးဇူးတော်သည် သင့်ကိုလုံလောက်စွာထောက်ပံ့ပေးသည့်အကြောင်း ရှင်းပြဝေငှပါ။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ရှင်းပြဝေငှပါ။ အကောင်းချည်းသာလျှင် ကျွန်ုပ်တို့ခံစားမည်မဟုတ်ကြောင်းကျွန်ုပ်တို့ သိကြပါသည်။ အရေးကြီးသောအချက်မှုကား သင်၏အထဲတွင်ရှိသော ယေရှုခရစ်တော် သည် အလုပ်လုပ်နေပြီး သင်သည်ထိုအလုပ်၏ တိုးတက်မှုဖြစ်စဉ် ဖြစ်နေဖို့ရန်ဖြစ်ပါသည်။



နောက်တဆင့်သည် ဘယ်အရာနည်း



ကျွန်ုပ်တို့သည် ယခုမှစ၍ ယေရှုခရစ်တော်၌ ကြီးထွားကြသည်။ တစ်ခါတ
စ်ရံတွင် ကျွန်ုပ်တို့၏လမ်းခရီးသည် ချိုင့်များနှင့် အလွန်ကြမ်းတမ်းပါသ
ည်။ သို့သော်လည်း ထိုပြဿနာများ၊ အတားအဆီးများကို ရှောင်ကွင်
းနိုင်ဘို့ရန် ကျွန်ုပ်တို့မှာ ကိရိယာအသစ်များရှိနေပြီ။ ဘ၀အသက်တာ
ဟောင်းနှင့်ဆိုင်သည့် မှားယွင်းသောရွေးချယ်မှုများထဲမှ ကျွန်ုပ်တ
ို့ကိုကာကွယ်ရန်၊ လမ်းပြပေးရန် ဘုရားသခင်၏တန်ခိုးတော်နှင့်တကွ သန့်ရှင်းသောဝ
ိညာဉ်တော်ကို ကျွန်ုပ်တို့ပိုင်ဆိုင်နေပြီဖြစ်သည်။ သမ္မာကျမ်းစာကိုဖတ် ရွက်လေ့လာကာ
ခရစ်တော်၏ နည်းလမ်းနှင့် နည်းစနစ်များကို သင်ယူလာကြသည်။ ကျွန်ုပ်တို့သည်



အသစ်သောဖန်ဆင်းရာဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့၏ဇာ တိလူဟော
င်းသည် ခရစ်တော်နှင့်အတူအသေခံခဲ့ေ ကြာင်း နားလည်သဘောပေါက်လာကြသည်။
ကျွန်ုပ်တို့၏အထဲ၌ယေရှုခရစ်တော်အသ က်ရှင်နေကြောင်း၊ သူကဲ့သို့ကျွန်ုပ်တို့ကိုပြောင်း
လဲစေကာ ကယ်တင်ခဲ့ကြောင်း၊ ကျွန်ုပ်တို့ကို သူသည်ပိုင်ဆိုင်ထားကြောင်း



စသည် တို့ကို ကျွန်ုပ် တို့သိဖို့လိုအပ်ပါသည်။ ထို့နောက်သင်သ
ည် ခရစ်ယာန်အသက်တာ၌ ရင့်ကျက်ကြီးထွားလာသည်နှင့်အမျှ ခရစ်တော်က
ိုအတ ုယူပြီး အသက်ရှင်လာသည်။ အသက်ရှင်သောဘုရားသခင်တည်းဟူသော ယေရှု
ခရစ်တော်သည် သင်၏အထဲ၌ အသက်ရှင်လိုကြောင်း၊ သင်အားဖြင့်
သူ၏သားသမီးများအပေါ်၌ အလိုတော်ကိုပြည့်စုံစေလိုကြောင်း နားလည်သဘော ပေါက်လာပါ




သည်။ သင်သည် လွန်ခဲ့ပြီးသောအ
သက်တာဟောင်းကို ချန်ရစ်ပြီး ခရစ်
တော်နောက်ကိုလိုက်လျှောက်ခြင်း
အားဖြင့် ခရစ်တော်နှင့် ပို၍သဏ္ဍာ
န်တလာမည်ဖြစ်သည်။

ဆာလံကျမ်း ၄၀း၃၊ ရှင်ယောဟန်ခရစ်ဝင် ၉း၂၅၊ ရှင်ယောဟန်ခရစ်ဝင် ၁၂း၁၇၊ ကောလေသဲဩဝါဒစာ ၄း၅-၆၊
သက်သာလောနိတ်ဩဝါဒစာပထမစောင် ၁း၆-၈၊ ရှင်ပေတရုဩဝါဒစာပထမစောင် ၃း၁၅၊ ဗျာဒိတ်ကျမ်း ၁၂း၁၁၊ ဗျာဒိတ်ကျမ်း ၁၉း၁၀ ။ 



မည်ကဲ့သို့ ပျောက်ဆုံးဝိညာဉ်ကယ်တင်သူ ဖြစ်နိုင်မည်နည်း

မယုံကြည်သောသူကို ယေရှုခရစ်တော်နှင့်မိတ်ဆက်ပေးနည်း လမ်းညွှန်

အောက်တွင်ဖော်ပြထားသော အကြံပြုချက်ဆယ်ချက်သည် လက်ဂါးကပ်တိုင်တော်၏ သတင်းကိုဝေငှရာ၌ အလွန်သက်ရောက်မှုရှိသောနည်းလမ်းများဖြစ်ပါသည်။ လမ်းညွှန်များကို ဂရုတစိုက်လိုက်နာပါ။သင်အောင်မြင်ခြင်းရရှိပါလိမ့်မည်။ ထိရောက်အောင်မြင်မှုရှိသောပျောက်ဆုံးဝိညာဉ်ကယ်တင်နိုင်သောသူ၊ မျိုးစေ့ကြဲသောသူဖြစ်လာလိမ့်မည်။ မည်သို့ပင်ဖြစ်စေ သင်သည် ဘုရားသခင်၏ နိုင်ငံတော်ကျယ်ပြန့်ဖို့ရန် စိတ်ဂင်စားလာမည်ဖြစ်သည်။ ဤအရာသည် သင့်ဘဂရှင်သန်နေရခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်လာမည်။

• လူဆယ်ယောက်အကြောင်း စဉ်းစားပါ

သင်၏မိသားစုဂင်ဖြစ်စေ၊ အပေါင်းအသင်းဖြစ်စေ၊ သင်အလုပ်လုပ်သည့်နေရာမှလည်းကောင်း၊ ဈေးဂယ်သွားသည့်နေရာမှလည်းကောင်း၊ သင်ထိတွေ့ဆက်ဆံနေရသောလူဆယ်ယောက်အကြောင်းကို တွေးတောဆင်ခြင်ပါ။

• သူတို့၏နာမည်များကိုချရေးပါ

သူတို့၏နာမည်များကို ရေးမှတ်လို့ပြီးတဲ့အခါမှာ စာရွက်ငယ်လေးဖြင့် နေ့တိုင်းသင်သတိပြုနိုင်မည့်နေရာသို့ ချိတ်ထားပါ။

• ထိုသူများကယ်တင်ခြင်းရရှိဖို့ရင် စပြီးဆုတောင်းပါ

ထာဂရအသက်နှင့်ယေရှုခရစ်တော်၏အကြောင်း သူတို့ကြားသိနိုင်ဘို့ သူတို့၏စိတ်နှလုံးတံခါးများကို ဖွင့်ပေးဖို့ရန် ဘုရားသခင်ထံတောင်းလျှောက်ပါ။ ကျွန်ုပ်တို့သည် မကောင်းသောသူများကို လူကောင်းဖြစ်လာအောင်ပြုပြင်ပေးနေခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့ရရှိထားသော ထာဂရအသက်ဆုလက်ဆောင်ကို ပေးကမ်းခြင်းဖြင့် သေနေသောဂိညာဉ်များကိုအသက်ရှင်စေရန်လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်းကို သတိပြုပါ။

• တစ်ယောက်စီတိုင်းအတွက် နှစ်ဆယ့်တစ်ရက်တိုင်ဆက်ပြီးဆုတောင်းပေးခြင်း

ထိုဝိညာဉ်များအတွက် သင်ဘယ်အချိန်ထိ၊ ဘယ်လောက်ကြာကြာ ဆုတောင်းပေးသည်ဆိုတာ ဘုရားသခင် အတွက် အဓိကမဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့သည် အလေ့အထတစ်ခုကို ကျင့်သားရရှိလာနိုင်ဘို့ရန်အတွက် နှစ်ဆယ့်တစ်ရက် အချိန်ယူရပါသည်။ ထို့ကြောင့် ဤနှစ်ဆယ့်တစ်ရက်ဟူသောအချိန်အတိုင်းအတာအထိ သူတို့အတွက်ဆုတောင်းပေးပါ။ ထို့နောက် သင်သည် ပျောက်ဆုံးသူများအတွက် ခွန်အားကြီးသောဆုတောင်း ခြင်းအလေ့အထကို တည်ဆောက်နိုင်မည်ဖြစ်သည်။



• တစ်ဦးစီတိုင်းနှင့်အဆက်အသွယ်ပြုလုပ်ခြင်း

နှစ်ဆယ်တစ်ရက်တိုင်ဆုတောင်းပြီးသည့်နောက်တွင် သင်၏ဆုတောင်းခြင်းအစီအစဥ်အား လက်တွေ့ လုပ်ဆောင်ခြင်းသို့ ပြောင်းလဲရမည်။ ပထမဦးစွာ တစ်ယောက်သောသူကို သူနှင့်တွေ့ဆုံချင်ကြောင်းနှင့် သူ့အတွက် ပြောပြဖို့တစ်စုံတစ်ခုရှိကြောင်း ပြောပြပါ။ ကော်ဖီအတူသောက်ဖို့ သို့မဟုတ် နေ့လည်စာ အတူစားသောက်ဖို့ရန်ဖိတ်ခေါ်ပါ။ သူဘက်က လိုက်လျောသည်အထိ အဆက်အသွယ်ပြုလုပ်ပါ။

• ဘုရားသခင်၏သား မည်ကဲ့သို့ဖြစ်ရမည်နည်း ဟူသောစာအုပ်ကိုပြပါ

သင်သည် ဤစာအုပ်ငယ်လေးကိုတွေ့ရှိပြီး သင့်အတွက် အကျိုးရှိကြောင်းနှင့် သူ့အတွက်လည်း အဓိပ္ပာယ် ရှိနိုင်ကြောင်းပြောပြပါ။ အကယ်၍ သင်၌ ကွန်ပျူတာဖြစ်ဖြစ်၊ iPad ဖြစ်ဖြစ်၊ ဖုန်းဖြစ်ဖြစ်ရှိခဲ့သော် www.howtobeachildofgod.com ကို ဝင်ရောက်နိုင်ပြီး၊ သင်၌ မူရင်းစာအုပ်မရှိသည့်တိုင် ယင်းအင်တာနက်စာမျက်နှာမှာရှိသော ဖတ်စရာများကိုသော်လည်းကောင်း၊ ဗီဒီယိုဖိုင်းများကိုလည်းကောင်း ဖတ်ရှုကြည့်ရှုလေ့လာစေနိုင်ပါသည်။

• စာအုပ်ကို တစ်ရွက်ပြီးတစ်ရွက် ဖတ်၍လေ့လာပါ

စာမျက်နှာ ၁၄ မှာရှိတဲ့ဆုတောင်းခြင်းအကြောင်းကို ဖတ်ပါ။ စာအုပ်ကိုပြီးဆုံးသည်ထိ ဆက်ဖတ်ပါ။ ပြီးနောက် စာအုပ်၏နောက်ကျောတွင်ရှိသော ကျမ်းပိုဒ်များကို သင့်မိတ်ဆွေအားပြပါ။ ကျမးစာအုပ်မရှိတဲ့အချိန်တွင် အလွယ်တကူလေ့လာလို့ရတဲ့ ကျမ်းညွှန်းများဖြစ်ကြောင်း ရှင်းပြပါ။ ကျမ်းပိုဒ်များ၏ဆိုလိုရင်းနှင့် စာပိုဒ်များ၏ ဆိုလိုရင်းများကို သက်သေသာဓကများနှင့် ရှင်းပြပေးပါ။



သင်တို့အထဲ၌တည်တော်မူသော ခရစ်တော်။
ကောလောသဲ ၁ း ၂၇

သင်၏ဘဝဇာတ်ကြောင်းကို ပြောပြပါ

ယေရှုခရစ်တော်ကို သင်ဘယ်လိုဘယ်ပုံ သိလာရကြောင်း သင်၏ဘဝဇာတ်ကြောင်းများကို သက်သေခံပါ။ ပြောပြပါ။သင်၏သက်သေခံချက်တွင် ဘယ်လိုဖြစ်ခဲ့တယ်၊ ဘာဖြစ်ခဲ့တယ်၊ ယခုတွင်ဘယ်လိုဖြစ်နေကြောင်း ရှင်းပြပါ။ အကယ်၍ သင်၏သက်သေခံချက်များကို အဘယ်ကဲ့သို့ ဆက်နွယ်၍ပြောပြရမည်ကိုမသိဘူးဆိုရင် ဤစာအုပ်ကို သီးသန့်အချိန်တွင် အကုန်ဖတ်ရှုက်သင့်ပါသည်။ စာမျက်နှာ ၁၄ မှာရှိသည့်အတိုင်း အသံထွက် ဆုတောင်းပါ။ သင့်စိတ်နှလုံးသားဖြင့် ဆုတောင်းသည့်အတိုင်းယုံကြည်ပါ။ ထို့နောက် သင်၏ဆွေးနွေးခြင်း၊ သက်သေခံခြင်းကို သင်ပြန်လည်အစပြုနိုင်ပါသည်။ ဤစာမျက်နှာမတိုင်ခင်မှာရှိသောကိုယ့်ဘဝဇာတ်ကြောင်းကို အဘယ်ကဲ့သို့ပြောပြရမည်နည်း၊ ကိုယ်တွေ့သက်သေခံချက်များအားဖြင့် ခရစ်ယာန်တို့၏ ပုံသက်သေဆိုတဲ့ စာမျက်နှာအကြောင်းကို လေ့လာပါ။

• မေးခွန်းမေးပါ

သင့်မိတ်ဆွေအား သင်ပြောပြခဲ့သော အကြောင်းအရာများသည် သူ့အတွက် အဓိပ္ပာယ်ရှိမရှိမေးမြန်းပါ။ သူသေဆုံးသည့်အခါတွင် ကောင်းကင်နိုင်ငံဝင်စားရမည်ဟု သူထင်နေသလားဆိုတာ မေးပါ။ ထာဝရအသက်နှင့်ပတ်သက်၍ သူဘယ်လိုသဘောက်ပေါက်တယ်ဆိုတာမေးပါ။ ဝိညာဉ်ရေးရာ အကြောင်းတရားများနှင့် ယေရှုခရစ်တော်၏ အကြောင်းတရားများကို များများပြောပေးပါ။ ဘုရားသခင်သည် သင်မည်သို့ပြောဆိုရမည်ကိုဖွင့်ပြပေးပါလိမ့်မည်။ သင်စိတ်နှလုံးတံခါးဖွင့်ဖို့သာ လိုပါသည်။

• ယေရှုခရစ်တော်ကို သိကျွမ်းနိုင်ဘို့ သင့်မိတ်ဆွေအားခေါ်ဆောင်လမ်းပြပါ

အကယ်၍ သင့်မိတ်ဆွေသည် " သင့်လိုဘဲကျနော်ဖြစ်ချင်တယ်.. သင်ဘယ်လို ခရစ်ယာန်ဖြစ်လာတာလဲ၊ ကျွန်တော် ထပ်သိချင်သေးတယ်" ဆိုပြီး လိုလိုလားလားရှိခဲ့သော် စာမျက်နှာ၁၄ မှာရှိတဲ့ဆုတောင်းချက်အတိုင်း သင့်ရဲ့နောက်မှ လိုက်၍ဆိုစေခြင်းအားဖြင့်လည်းကောင်း၊ သူကိုယ်တိုင်ဆုတောင်းစေခြင်းအားဖြင့်လည်းကောင်း ခရစ်တော်ထံသို့ ခေါ်ဆောင်လမ်းပြပါ။ ဆုတောင်းလို့ပြီးသည့်အခါမှာ စာမျက်နှာ ၁၅-၂၀ မှာရှိသည့် စာနင့်တကွ သရုပ်ဖေါ်ရုပ်ပုံများကိုရှင်းပြပြီး၊ လက်ဝါးကပ်တိုင်တော်၏ အကြောင်းများကို ပြန်လည်လေ့လာပြီး အမှန်တကယ်သူနားလည်သဘောပေါက်သည် မပေါက်သည်ကို သေချာအောင်လုပ်ပါ။ ဤအရာများကို သင်လုပ်ဆောင်လို့ပြီးသည့်အခါမှာတော့ သင့်မိတ်ဆွေသည် ဘုရားသခင်၏ သားသမီးဖြစ်လာကာ ကောင်းကင်နိုင်ငံတော်တွင် သူ၏နာမည် ရေးမှတ်ထားလိမ့်မည်။

ရိတ်သိမ်းခြင်း

အကယ်၍ သင်သည် ဤလမ်းညွှန်ချက်များကို လိုက်နာပါက သင်သည် ပျောက်ဆုံးဝိညာဉ်ကယ်တင်နိုင် သောသူဖြစ်မည်မှာ မည်သည့်မေးခွန်းမျှမလိုပေ။ သင်သည် သင်၏အသိမိတ်ဆွေများကို ဆွဲဆောင်နိုင်သော တမူထူးခြားသည့် ကိုယ်ရည်ကိုယ်သွေးများဖြင့် ဘုရားသခင်ဖန်ဆင်းထားသောသူဖြစ်သည်။ ဆုတောင်းခြင်းနှင့် သူတို့ကိုချဉ်းကပ်ခြင်းသည် သင်လုပ်ဆောင်ရမည့် အရာဖြစ်ပြီး၊ကျန်ရှိသောအရာများကို ဘုရားသခင်သည် လုပ်ဆောင်သွားလိမ့်မည်။ သင့်စာရင်းထဲတွင်ရေးမှတ်ထားသောသူသည် ဘုရားသခင်ရွေးချယ်ထားသောသူများဖြစ်ကြပါသည်။ သူတို့လိုအပ်သည့် အရာသည် သူတို့ကိုဤအကြောင်းများကို ဆော်ဩပြောပြပေးမည့်သူ သင်ကိုသာလျှင်ဖြစ်သည်။ သင်၏စကားများအားဖြင့် ဘုရားသခင်သည် ထိုသူတို့ကို စကားပြောပါလိမ့်မည်။ ဘုရားသခင်သည် ဤအရာများအတွက် ကြိုတင်ပြင်ဆင်ထားခဲ့ပြီး သင်သွားရောက်ဖို့ကိုသာ သူစောင့်နေပါသည်။ ဘုရားသခင်သည် သင့်ကိုယ်သင်အသုံးချလိုက်ဖို့ရန်သာလိုအပ်ပါသည်။ ချွင်းချက်မှာ ခရစ်တော်ထံ ထိုသူရောက်ရှိဘို့ရန် သူ့အတွက်အချိန်မှန်မဟုတ်သေးသည်လည်းဖြစ်နိုင်ပါသည်။ ဒီလိုအခြေအနေမျိုးမှာ သင်သည် ပျောက်ဆုံးဝိညာဉ်ကယ်တင်နိုင်သောသူ မဖြစ်နိုင်ပါ။ သို့သော်လည်း သင်သည် မျိုးစေ့ကိုကြဲသောသူ တော့ဖြစ်ခဲ့ပြီ။ ဘုရားသခင်၏အလိုတော်ကို ဆောင်ခဲ့ပြီ။ ဤအရာသည် ဘုရားသခင်တောင်းဆိုသည့်အရာပင်ဖြစ်ပါသည်။သင်သည်ဘုရားသခင်၏သားသမီးမှန်လျှင် ဤအရာများကို လုပ်ဆောင်နေသောသူသည် သင်ကိုယ်တိုင်မဟုတ်ကြောင်း နားလည်ပေလိမ့်မည်။သင့်အထဲ၌ရှိသော ခရစ်တော်သည် လုပ်ဆောင်နေခြင်း ဖြစ်သည်။



ရှင်မဿဲခရစ်ဝင် ၄း၁၉-၂၀၊ ရှင်မဿဲခရစ်ဝင် ၁၀း၃၂၊ ရှင်လုကာခရစ်ဝင် ၁၀း၂၊ ရှင်လုကာခရစ်ဝင် ၁၉း၁၀၊ ရှင်ယောဟန်ခရစ်ဝင်၁၅း၁၆၊ တမာန်တော်ဝတ္ထု ၁း၈၊ တမာန်တော်ဝတ္ထု ၉း၂၈၊ တိမောသေသြဝါဒစာပထမစောင် ၂း၃-၄ ။

ကမ္ဘာဦးကျမ်း ၂း၇ ထိုနောက်၊ ထာဝရအရှင် ဘုရားသခင်သည် မြေမှုန့်ဖြင့် လူကိုဖန်ဆင်း၍၊ သူ၏နှာခေါင်း ထဲသို့ ဇီဝအသက် ကို မှုတ်တော်မူလျှင်၊ လူသည်အသက်ရှင်သော သတ္တဝါဖြစ်လေ၏။ စာမျက်နှာ (၂၄)

ကမ္ဘာဦးကျမ်း ၂း၈-၉ ထာဝရအရှင်ဘုရားသခင် သည်လည်း အရှေ့မျက်နှာ၊ ဧဒင်အရပ်၌ ဥယျာဉ်ကို စိုက် ပျိုးပြီး လျှင်၊ ဖန်ဆင်း တော်မူသောလူကို ထိုဥယျာဉ်၌ နေရာချတော်မူ၏။ ထိုမြေထဲက အဆင်းလှ၍ စား ဘွယ်ကောင်း သောအပင် အမျိုးမျိုးကို ထာဝရအရှင်ဘုရားသခင် ပေါက်စေတော်မူ၏။ ထိုဥယျာဉ်အလယ် ၌ အသက်ပင် လည်းရှိ၏။ ကောင်း မကောင်းကို သိကျွမ်းရာအပင်လည်း ရှိ၏။ စာမျက်နှာ (၆)

ကမ္ဘာဦးကျမ်း ၂း၁၆-၁၇ ထာဝရအရှင်ဘုရားသခင် ကလည်း ကောင်းမကောင်းကို သိကျွမ်းရာအပင်မှတ ပါး၊ ထိုဥယျာဉ်၌ ရှိသမျှသော အပင်တို့၏အသီးကို သင်သည် စားရသောအခွင့်ရှိ၏။ ထိုအပင်၏အသီးကို ကား မစားရ။ စားသောနေ့တွင် ဧကန်အမှန်သေရမည်ဟု လူကိုပညတ်ထားတော်မူ၏။ စာမျက်နှာ (၆)

ကမ္ဘာဦးကျမ်း ၃း၂-၆ မိန်းမကလည်း၊ ငါတို့သည် ဥယျာဉ်၌ရှိသော အပင်တို့၏ အသီးကိုစားရသောအခွင့် ရှိ၏။ ဥယျာဉ်အလယ်၌ရှိသော အပင်၏အသီးကိုကား၊ သင်တို့သည် မကိုင်မစားဘဲနေကြလော့။ သို့မဟုတ် သေမည်ဟု ဘုရားသခင် အမိန့်တော်ရှိသည်ဟု မြွေအားဆို၏။ မြွေကလည်း၊ သင်တို့သည် ဧကန်အမှန် သေရမည်မဟုတ်။ အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက် ကော င်းမကောင်းကိုသိ၍၊ ဘုရားသခင်ကဲ့သို့ ဖြစ်ကြလတံ့သည်ကို၊ ဘုရားသခင် သိတော်မူသည်ဟု မိန်းမ အာ းဆိုလေ၏။ ထိုအပင်သည် စားဘွယ်ကောင်း၏၊ အဆင်းလည်း လှခြင်း၊ ပညာတိုးပွားစေလိုသောငှါ၊ နှစ်သ က်ဘွယ်သော အပင်ဖြစ်ခြင်းကို မိန်းမသည် မြင်လျှင်၊ အသီးကိုယူ၍စား၏။ မိမိခင်ပွန်းအားလည်း ပေး၍ သူသည်လည်းစား၏။ စာမျက်နှာ (၆)

ကမ္ဘာဦးကျမ်း ၃း၂၃ လူသည်မိမိထွက်သောမြေ၌ လုပ်ရမည်အကြောင်း၊ ထာဝရအရှင်ဘုရား သခင်သည်၊ ဧဒင်ဥယျာဉ်ထဲက လွှတ်လိုက်တော်မူ၏။ စာမျက်နှာ (၆)

ကောရိန္သု ဩဝါဒစာပဌမစောင် ၂း၁၆ ထိုလူကိုသွန်သင်နိုင်မည်အကြောင်း အဘယ်သူသည် ထာဝရဘုရ ား၏ စိတ်တော်ကိုသိသနည်း။ ငါတို့မူကား ခရစ်တော်၏စိတ်ကိုခံရကြ၏။ စာမျက်နှာ (၂၂)

ကောရိန္သု ဩဝါဒစာပဌမစောင် ၃း၁၆ သင်တို့သည် ဘုရားသခင်၏ ဗိမာန်တော်ဖြစ်ကြသည်ကိုငှင်း၊ ဘုရ ားသခင်၏ ဝိညာဉ်တော်သည်သင်တို့ အထဲ၌ ကျိန်းဝပ်တော်မူသည်ကိုငှင်း၊ မသိကြသလော။ အကြင်သူသ ည် ဘုရားသခင်၏ ဗိမာန်တော်ကို ဖျက်ဆီး၏၊ ထိုသူကိုဘုရားသခင် ဖျက်ဆီးတော်မူလိမ့်မည်။ ဘုရားသခ င်၏ ဗိမာန်တော်သည် သန့်ရှင်းရ၏။ သင်တို့သည်လည်း၊ ထိုဗိမာန်တော်ဖြစ်ကြ၏။ စာမျက်နှာ (၂၄၊၂၅)

ကောရိန္သု ဩဝါဒစာပဌမစောင် ၆း၁၇ ဘုရားသခင်၌ မှီဝဲ သောသူသည် ထိုသခင်နှင့် တစိတ်တဝိညာဉ်တ ည်း ဖြစ်၏။ စာမျက်နှာ (၁၆၊၂၄)

ကောရိန္သု ဩဝါဒစာပဌမစောင် ၆း၁၉-၂၀ အဘယ်သို့နည်း။ သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေး သနားတော်မူသော ဝိညာဉ်တော်တည်း ဟူသော၊ သင်တို့အထဲ၌ ကျိန်းဝပ်၍ သန့်ရှင်းသောဝိညာဉ်တော် ၏ ဗိမာန်ဖြစ်ကြောင်းကိုငှင်း၊ မိမိတို့ကို မိမိတို့မပိုင် ကြောင်းကိုငှင်း၊ မသိကြသလော။ သင်တို့သည် အဘိုး နှင့်ဝယ်တော်မူသောသူဖြစ်သောကြောင့်၊ ဘုရားသခင် ပိုင်တော်မူသော သင်တို့၏ ကိုယ်ခန္ဓာနှင့် စိတ်ဝိည ာဉ်အားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကို ထင်ရှားကြစေလော့။ စာမျက်နှာ (၂၅)

ကောရိန္သု ဩဝါဒစာပဌမစောင် ၁၅း၄၅-၄၆ ကျမ်းစာလာသည်ကား၊ ရှေ့ဦးစွာသော လူအာဒံသည် အသ က်ရှင်သော သတ္တဝါဖြစ်၏ ဟုလာသတည်း။ ယခုတွင် နောက်ဆုံးဖြစ်သော အာဒံမူကား၊ အသက်ရှင် စေတ တ်သော ဝိညာဉ်ဖြစ်၏။ ဝိညာဏကိုယ်သည် ရှေ့ဦးစွာဖြစ်သည် မဟုတ်။ ဇာတိပကတိကိုယ်သည် ရှေ့ဦးစွာ ဖြစ်၏။ နောက်မှ ဝိညာဏကိုဖြစ်၏။ စာမျက်နှာ (၆)

ကောရိန္သု ဩဝါဒစာပဌမစောင် ၁၅း၅၇ ငါတို့သခင်ယေရှုခရစ်အားဖြင့် ငါတို့အား အောင်ခြင်းအခွင့်ကို ပေ းတော်မူသော ဘုရားသခင်၏ ကျေးဇူးတော်သည် ကြီးလှစွတကား။ စာမျက်နှာ (၈)

ကောရိန္သု ဩဝါဒစာဒုတိယစောင် ၅း၁၆-၂၁ သို့ဖြစ်လျှင်၊ ယခုမှစ၍ ငါတို့သည် ဇာတိအမျိုးကိုထောက်၍ အဘယ်သူ ကိုမျှမသိမှတ်။ ဇာတိအမျိုးကိုထောက်၍ ခရစ်တော်ကို အထက်ကသိမှတ်သော်လည်း၊ ယခ
၄ မှစ၍ ထိုသို့သော သိမှတ်ခြင်း မရှိ။ လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင်အသစ်ပြုပြင်သော သတ္တဝါဖြစ ၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။ ထိုသို့ဖြစ်သော် ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် ဖြစ်ကြ၏။ ဘုရားသခင် သည် ယေရှုခရစ်အားဖြင့်ငါတို့၏ ရန်ကိုငြိမ် းစေ၍ ကိုယ်တော်နှင့် မိဿဟာယဖွဲ့စေတော်မူ၏။ ထိုမိဿဟာယတရားကို ဟောရသောအခွင့်အရာကို ငါတို့၌အပ်ပေးတော်မူ၏။ ထိုတရားဟူမူကား၊ ဘုရား သခင်သည် ခရစ်တော်အထဲ၌ ရှိနေ လျက်၊ လောကီ သားတို့၏ အပြစ်များကိုမှတ်တော်မမူ၊ ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့် မိဿဟာယဖွဲ့စေတော်မူ၏။ ထိုမိ ဿဟာယတရားကိုလည်း ငါတို့၌အပ်ပေးတော်မူ၏။ ထိုကြောင့် ငါတို့သည် ခရစ်တော်၏ သံတမန်ဖြစ်ကြ ၏။ သင်တို့ သည် ရန်ငြိမ်း၍ဘုရားသခင်နှင့် မိဿဟာယဖွဲ့ကြလော့ဟု ဘုရားသခင်သည် ငါတို့အား ဖြင့် နှိုးဆော်သွေးဆောင်တော်မူ သကဲ့သို့၊ ငါတို့သည် ခရစ်တော်၏ ကိုယ်စားဖြစ်၍ သင်တို့ကို တောင်းပန်သေ
၀ းဆောင် ကြ၏။ အဘယ်ကြောင့်နည်း ဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့် ကင်းစင်သောသူကို ငါတို့အ တွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း။ စာမျက်နှာ (၂၅)

ကောရိန္သု ဩဝါဒစာဒုတိယစောင် ၅း၁၇ လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင်အသစ်ပြုပြင်သော သတ္တဝါ ဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ချုပ်သိမ်းသောအရာတို့သည် အသစ်ဖြစ ကြပြီ။ စာမျက်နှာ (၂၀)

ကောရိန္သု ဩဝါဒစာဒုတိယစောင် ၅း၁၈ ထိုသို့ဖြစ်သော် ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် ဖြစ်ကြ၏။ ဘုရားသခင်သည် ယေရှုခရစ်အားဖြင့်ငါတို့၏ ရန်ကိုငြိမ်းစေ၍ ကိုယ်တော်နှင့် မိဿဟာယဖွဲ့စေတော်မူ၏။ ထိုမိဿဟာယတရားကို ဟောရ သောအခွင့်အရာကို ငါတို့၌အပ်ပေးတော်မ၏။ စာမျက်နှာ (၈)

ကောလောသဲဩဝါဒစာ ၁း၁၅ ထိုသားတော်သည် မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဌာန်တော်ဖြစ်၏။ ဝေနေယျသတ္တဝါ အပေါင်းတို့တွင်လည်း သားဦးဖြစ်တော်မူ၏။ စာမျက်နှာ (၁၂)

ကောလောသဲဩဝါဒစာ ၁း ၂၇ (ခ) တပါးအမျိုးသားတို့တွင် ဤနက်နဲ သောအရာနှင့်ဆိုင်သော မဟာစည်း စိမ်ကား၊ အဘယ်မျှလောက်ကြီးသည်ကို သန့်ရှင်းသူတို့သည် သိစေခြင်းငှါ ဘုရားသခင်အလို ရှိတော်မူ၏။ ထိုစည်းစိမ်ကား၊ ဘုန်းအသရေကို မျှော်လင့်ခြင်းအကြောင်းတည်း ဟူသော သင်တို့အထဲ၌ တည်တော်မူသော ခရစ်တော်ပေတည်း။ စာမျက်နှာ (၂၅)

ကောလောသဲဩဝါဒစာ ၂း၆-၇ ထို ကြောင့် သင်တို့သည်သခင်ယေရှုခရစ်ကိုခံယူပြီးသည် ဖြစ်၍၊ ထိုသခင်၌ စိုက်ပျိုးခြင်း၊ တည်ဆောက်ခြင်းရှိလျက်၊ နည်းဥပဒေသကိုခံပြီးသည်အတိုင်း ယုံကြည်ခြင်း၌ မြဲမြံစွာ စွဲလမ်း လျက်၊ ကျေးဇူးတော်ကိုချီး မွမ်းခြင်းနှင့် တကွယုံကြည်ခြင်းတိုးပွါးပြည့်စုံလျက်၊ ထိုသခင်၌ကျင်လည်ကြလော့။ စာမျက်နှာ (၁၅၊၁၆)

ကောလောသဲဩဝါဒစာ ၂း၉ အကြောင်းမူကား၊ ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်း အပေါင်းသည် ခရစ်တော်၌ကိုယ် ထင်ရှား၍ကိန်းဝပ်တော်မူ၏။ စာမျက်နှာ (၁၂)

ကောလောသဲဩဝါဒစာ ၂း၁၀ အထွဋ်အမြတ် အာဏာစက်ရှိသမျှကို အုပ်စိုးတော်မူသောထိုသခင်၌ သင်တို့ သည် စုံလင်ခြင်းရှိကြ၏။ စာမျက်နှာ (၁၈)

ကောလောသဲဩဝါဒစာ ၂း၁၂-၁၄ ဗတ္တိဇံအားဖြင့် ထိုသခင်နှင့် အတူသင်္ဂြိုဟ် ခြင်းကိုခံကြ၏။ ခရစ်တော်ကို သေခြင်းမှ ထမြောက်စေတော်မူသော ဘုရားသခင်၏ ပြုပြင်အားထုတ်တော်မူခြင်းကို ယုံကြည်သောအားဖြင့်၊ ဗတ္တိဇံကိုခံ၍ ထိုသခင် နှင့် အတူထမြောက်ခြင်းသို့ ရောက်ကြ၏။ ဒုစရိုက်အပြစ်၌၎င်း၊ ဇာတိပကတိ၏ အရေဖျားလှီးခြင်းကိုမခံသော အဖြစ်၌၎င်း သေလျက်ရှိနေသော သင်တို့ကိုခရစ်တော်နှင့် အတူ အသက်ရှင်စေ ၍၊ သင်တို့အပြစ်ရှိသမျှတို့ကိုလွှတ်တော်မ၏။ ငါတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော ဝိနည်းအထုံးအဖွဲ့ နှင့် စပ်ဆိုင် သောလက်မှတ်ကိုချေ၍၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထားလျက်၊ ငါတို့ စပ်ကြားထဲကပယ်ရှင်းတော်မူပြီ။ စာမျက်နှာ (၁၉)

ကောလောသဲဩဝါဒစာ ၃း၁-၃ အထက်ဆိုခဲ့ပြီးသည်အတိုင်း၊ သင်တို့သည်ခရစ်တော်နှင့် အတူ ထမြောက်ကြ သည်မှန်လျှင်၊ ဘုရားသခင်၏ လကျ်ာတော်ဘက်မှာ ခရစ်တော်သည် ထိုင်နေတော်မူရာ အရပ်၌ရှိသော အထက်အရာတို့ကို ရှာကြ လော့။ မြေကြီး ပေါ်မှာရှိသောအရာတို့ကို စွဲလမ်းသောစိတ်မရှိကြနှင့်။ အထက်အရာတို့ကိုသာ စိတ်စွဲလမ်း ခြင်းရှိကြ လော့။ အကြောင်းမူကား၊ သင်တို့သည်သေသောသူဖြစ်၍ သင်တို့အသက်သည် ခရစ်တော်နှင့်အတူ ဘုရားသခင်၌ဝှက် ထားလျက်ရှိ၏။ စာမျက်နှာ (၁၉)

ကောလောသဲဩဝါဒစာ ၄း၅-၆ ပြင်ပလူတို့၏ မျက်နှာကို ထောက်လျက်၊ ပညာနှင့်ကျင့်ဆောင်၍ ကာလ အချိန်ကို ရွေးနှုတ်ကြလော့။ လူအသီးအသီးတို့အား အဘယ်သို့ ပြန်ပြောရမည်ကို သိနိုင်မည်အကြောင်း၊ သင်တို့စကား သည် ဆားအားဖြင့် ငန်သောအရသာနှင့် ပြည့်စုံလျက်၊ အစဉ်မပြတ် တင့်တယ်လျောက်ပတ်ပါ စေ။ စာမျက်နှာ (၁၆)

ဂလာတိဩဝါဒစာ ၁း၁၅-၁၆ သို့သော်လည်း၊ ငါ့ကိုအမိဝမ်းထဲ ကပင် ရွေးချယ်ခဲ့ထား၍ ကျေးဇူးတော်အားဖြင့် ခေါ်တော်မူသော ဘုရားသခင်သည်၊ သားတော်၏ ဧဝံဂေလိတရား ကို တပါးအမျိုးသားတို့၌ ဟောပြောစေ မည်အကြောင်း၊ မိမိအလိုတော်နှင့်အညီ သားတော်ကိုငါ့အား ပြတော်မူသောအခါ၊ ငါသည် အသွေးအသားနှင့် တိုင်ပင်ခြင်းကိုမပြု။ စာမျက်နှာ (၈)

ဂလာတိဩဝါဒစာ ၂း၂၀ ငါသည်ခရစ်တော်နှင့် အတူလက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော်ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခုငါရှင်သော အသက်သည် ဘုရားသခင်၏ သားတော် ကိုယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဘို့ကိုယ်ကိုကိုယ်စွန့် တော်မူ၏။ စာမျက်နှာ (၁၈)

ဂလာတိဩဝါဒစာ ၄း၄-၇ အချိန်ကာလစေ့သောအခါ၊ ငါတို့သည်သား၏ အခွင့်အရာကို ခံရမည အကြောင်း၊ ပညတ်တရားလက်၌ ရှိသော ငါတို့ကို ရွေးနှုတ်စေခြင်းငှါ၊ မိန်းမဝမ်း၌ ပဋိသန္ဓေယူ၍ ပညတ်တရားအောက်၌ ဘွားမြင်ရသောသားတော်ကို ဘုရားသခင်သည် စေလွှတ်တော်မူ၏။ ထိုသို့သင်တို့သည် သားဖြစ်သောကြောင့် အဗ္ဗအဘဟု ခေါ်တတ်သောသား တော်၏ ဝိညာဉ်တော်ကို သင်တို့စိတ်နှလုံးထဲသို့ ဘုရားသခင်စေလွှတ် တော်မူ၏။ သို့ဖြစ်၍ သင်တို့သည် နောက်တဖန်အစေအပါကျွန်မဖြစ်၊ သားပင်ဖြစ်ကြ၏။ သားဖြစ်လျှင် ခရစ်တော်အားဖြင့် ဘုရားသခင်၏ အမွေခံလည်း ဖြစ်ကြ၏။ စာမျက်နှာ (၁၈)

ဂလာတိဩဝါဒစာ ၅း၁၆ ငါပညတ်သည်ကား၊ ဝိညာဉ်ပကတိအတိုင်းကျင့်ကြလော့။ ထိုသို့ကျင့်လျှင် ဇာတိပကတိ၏ အလိုသို့ မလိုက်ဘဲနေကြလိမ့်မည်။ စာမျက်နှာ (၂၃)

ဂလာတိဩဝါဒစာ ၅း၂၄ ခရစ်တော်နှင့်စပ်ဆိုင်သောသူတို့သည် ဇာတိပကတိကိုငှင်း၊ ဇာတိပကတိစိတ် များနှင့် အလိုဆန္ဒများကိုငှင်း၊ လက်ဝါး ကပ်တိုင်မှာ ရိုက်ထားထားကြပြီ။ စာမျက်နှာ (၁၇၊၁၈)

ဆာလံကျမ်း ၁၆း၁၁ အသက်ရှင်ခြင်းလမ်းကို ပြသွန်တော်မူလိမ့်မည်။ အထံတော်၌ စုံလင်သော ဝမ်းမြောက် ခြင်းအခွင့်နှင့် လက်ျာတော် နားမှာ အစဉ်အမြဲ ပျော်မွေ့ခြင်း အခွင့် ရှိပါ၏။ စာမျက်နှာ (၂၀)

ဆာလံကျမ်း ၄၀း၃ ထိုသို့ ငါတို့ဘုရားသခင်ကို ချီးမွမ်းရာ သီချင်းသစ်ကို ငါမြွက်ဆိုစေခြင်းငှါ အခွင့်ပေး တော်မူ၏။ လူများတို့သည် သိမြင်၍ ကြောက်ရွံ့သော စိတ်နှင့် ထာဝရဘုရားကို ကိုးစားကြလိမ့် မည်။ စာမျက်နှာ (၃၆)

တမန်တော်ဝတ္ထု ၁း၈ ထိုသို့မရှိသော်လည်း၊ သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှလင် မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက် သေဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏။ စာမျက်နှာ (၄၀)

တမန်တော်ဝတ္ထု ၄း၁၂ ထိုသခင်၏နာမတော်မှတပါး ငါတို့ကိုကယ်တင်နိုင်သော နာမတစုံတခုမျှ ကောင်းကင် အောက်လူတို့တွင် မပေါ်မရှိဟု ပေတရုသည် ထိုသူတို့အား မြွက်ဆို၏။ စာမျက်နှာ (၈)

တမန်တော်ဝတ္ထု ၉း၂၈ ထိုနောက်မှ ရှောလုသည် ယေရုရှလင်မြို့၌ တမန်တော်တို့နှင့် ပေါင်းဘော်၍၊ သခင်ယေရှု၏နာမတော်ကို အမှီပြု၍ ရဲရင့်စွာဟောလျက်နေ၏။ စာမျက်နှာ (၄၀)

တိမောသေဩဝါဒပဌမစောင် ၂း၃-၄ အကြောင်းမကား၊ ထိုသို့သောအမှုသည်ကောင်းသောအမှုဖြစ်၏။ ငါတို့ကို ကယ်တင်တော်မူသော အရှင်ဘုရားသခင် နှစ်သက်တော်မူသော အမှုလည်းဖြစ်၏။ လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကို သိစေခြင်းငှါ၊ ဘုရားသခင် အလိုတော်ရှိ၏။ စာမျက်နှာ (၄၀)

တိမောသေဩဝါဒပဌမစောင် ၂း၅-၆ ဘုရားသခင်တဆူတည်းရှိတော်မူ၏။ ဘုရားသခင်နှင့် လူတို့၏ စပ်ကြားမှာ၊ လူဖြစ်သော ယေရှုခရစ်တည်းဟူသောအာမခံတဦးတည်းရှိ၏။ ထိုအာမခံသည် လူအပေါင်းတို့ကို ရွေးအံ့သောငှါ ကိုယ်ကိုကိုယ် စွန့်တော်မူပြီ။ ကာလအချိန်တန်မှ သက်သေခံခြင်းရှိ၏။ စာမျက်နှာ (၈၊၁၂)

တိမောသေဩဝါဒစာဒုတိယစောင် ၁း၇ အကြောင်းမူကား၊ ဘုရားသခင်သည် ကြောက်တတ်သော စိတ်သဘော ကိုငါတို့အား ပေးတော်မူသည်မဟုတ်။ တန်ခိုးပါသောစိတ်၊ ချစ်တတ်သောစိတ်၊ ရှင်းလင်း သောစိတ်သဘောကို ပေးတော်မူ၏။ စာမျက်နှာ (၂၁)

ဒေသနာကျမ်း ၃း၁၁ ခပ်သိမ်းသောအရာတို့ကို မိမိတို့ အချိန်တန်မှ၊  လျောက်ပတ်စွာ ဖန်ဆင်းတော်မူပြီ။ လူစိတ်နှလုံးကိုလည်း အနန္တကာလ၌ စွဲလန်းစေတော်မူပြီ။ သို့ရာတွင် ဘုရားသခင်စီရင်တော်မူသော အမှုကို အစမှအဆုံး တိုင်အောင် လူသည် စစ်၍ မကုန်နိုင်။ စာမျက်နှာ (၁၀)

ဖိလိပ္ပိဩဝါဒစာ ၂း၅-၈ ယေရှုခရစ်၌ ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်းရှိစေ ကြလော့။ ထိုသခင်သည် ဘုရားသခင်၏ သဏ္ဍာန်တော်နှင့် ပြည့်စုံ တော်မူသည်ဖြစ်၍၊ ဘုရားသခင်နှင့် ပြိုင်သောအမှုကိုလုယူခြင်း အမှုဟူ၍ မထင်မမှတ်လျက်ပင်၊ မိမိအသရေကို စွန့်၍ အစေခံကျွန်၏ သဏ္ဍာန်ကို ယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ် ၌ဘွားမြင်ခြင်းကို ခံတော်မူ၏။ ထိုသို့လူ၏ ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက်၊ အသခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်း တိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ၏။ စာမျက်နှာ (၁၊၂၊၂၂၊၂၅)

ဖိလိပ္ပိဩဝါဒစာ ၃း၂၀ ငါတို့ကျင့်သော အကျင့်မူကား၊ ကောင်းကင်ဘုံနှင့်စပ်ဆိုင်လျက် ရှိ၏။ ကယ်တင် တော်မူသော အရှင်သခင် ယေရှုခရစ်သည် ကောင်းကင်ဘုံမှ ကြွလာတော်မူမည်ဟု ငါတို့သည် မြော်လင့်လျက် နေကြ၏။ စာမျက်နှာ (၂၀၊၂၂၊၂၃)

ဖိလိပ္ပိဩဝါဒစာ ၄း၆-၇ အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်း ပဌနာ ပြုသောအားဖြင့်၊ သင်တို့တောင်းပန်လိုသော အရာများတို့ကို ဘုရားသခင်အား ကြားလျှောက်ကြလော့။ ထိုသို့ ပြုလျှင် အဘယ်သူမျှကြံ၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံး တို့ကို စောင့်မလိမ့်မည်။ စာမျက်နှာ (၂၆)

ဗျာဒိတ်ကျမ်း ၃း၂၀ ငါသည် တံခါးရှေ့မှာရပ်၍ ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကိုဖွင့်အံ့၊ ထိုသူရှိရာသို့ ငါဝင်၍သူနှင့်အတူစားသောက်မည်။ သူသည်လည်း ငါနှင့်အတူစား သောက်ရ လိမ့်မည်။ စာမျက်နှာ (၉)

ဗျာဒိတ်ကျမ်း ၁၂း၁၁ သူတို့သည် သိုးသငယ်၏ အသွေးအားဖြင့်ငှင်း၊ မိမိတို့သက်သေခံချက်နတ်ကပတ် တရားအားဖြင့် ငှင်း အောင်မြင်၍၊ အသေခံ သည်တိုင်အောင် ကိုယ်အသက်ကို မနှမြောကြ။ စာမျက်နှာ (၃၆)

ဗျာဒိတ်ကျမ်း ၁၉း၁၀ ငါသည် ထိုသူကို ကိုးကွယ်ခြင်းငှါ သူ၏ခြေရင်း၌ပြပ်ဝပ်၏။ သူကလည်း၊ မပြုပါနှင့်၊ ငါကား သင်၏ လုပ်ဘော်ဆောင်ဘက် ဖြစ်၏။ ယေရှု၏သက်သေခံတော်မူချက်ကို ဆောင်သောသင်၏ ညီအစ်ကိုတို့၏ လုပ်ဘော်ဆောင် ဘက်လည်းဖြစ်၏။ ဘုရားသခင်ကို ကိုးကွယ်လော့။ အကြောင်းမူကား၊ ပရောဖက်ပြောသော စကား ချက်သဘောသည် ယေရှု၏ သက်သေဖြစ်သတည်းဟု ငါ့အား ပြောဆို၏။ စာမျက်နှာ (၃၆)

ဗျာဒိတ်ကျမ်း ၂၁း၂ သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့သစ် သည် မိမိခင်ပွန်းဘို့ တန်ဆာဆင်သော မင်္ဂလာဆောင်သတို့သမီးကဲ့သို့ ပြင်ဆင်လျက် ဘုရားသခင့်အထံတော်၊ ကောငးကင်ဘုံမှ ဆင်းသက်သည်ကို ငါမြင်၏။ စာမျက်နှာ (၂၀)

ယောရှုမှတ်စာ ၁း၈ ထိုပညတ္တိကျမ်းစာ၌ ရေးထားသမျှအတိုင်း ကျင့်မည်ဟု စောင့်ရှောက်ခြင်းအလိုငှါ ကျမ်းစာကိုမဘတ် မရွတ်ဘဲမနေ၊ နေ့ညဉ့်မပြတ်ကြည့်ရှုဘတ်ရွတ်ရမည်။ သို့ပြုလျှင် သင်သည် အကြံ ထမြောက်၍ အောင်မြင်လိမ့်မည်။ စာမျက်နှာ (၂၆)

ယေဇကျေလအနာဂတ္တိကျမ်း ၃၆း၂၆-၂၇ စိတ်နှလုံးသစ်ကို ငါပေးမည်။ သဘောသစ်ကို သွင်းထားမည်။ သင်တို့ ခန္ဓာထဲက ကျောက်နှလုံးကို နှုတ်၍ အသားနှလုံးကို ပေးမည်။ ငါ့ဝိညာဉ်ကိုလည်း သင်တို့အထဲသို့ သွင်းပေးသဖြင့်၊ သင်တို့သည် ငါ၏ တရားလမ်းသို့လိုက်၍ငါစီရင်တော်မူချက်တို့ကို စောင့်ရှောက်ကြ လိမ့်မည်။ စာမျက်နှာ (၈)

ရှင်ပေတရုသြဝါဒစာပဌမစောင် ၁း၁၈-၁၉ မိစဉ်ဘဆက်ကျင်လည်သော အချည်းနီးကျင့်ကြံပြုမခြင်းမှ၊ ရွှေငွေအစရှိသော ဖောက်ပြန်ပျက်ဆီးတတ် သောဥစ္စာနှင့် သင်တို့ကိုရွေး တော်မူသည်မဟုတ်။ အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့်ကင်း စင်သော သိုးသငယ်ကဲ့သို့သော ခရစ်တော်၏ အသွေးတော်မြတ်နှင့် ရွေးတော်မူသည်ကိုသိမှတ်ကြလော့။ စာမျက်နှာ (၂၅)

ရှင်ပေတရုသြဝါဒစာပဌမစောင် ၂း၂၄ ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ၌ အသေဖြစ်၍၊ ဖြောင့်မတ်ခြင်း အရာ၌ အသက်ရှင်စေမည် အကြောင်း၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာခံတော်မူပြီ ဒဏ်ချက် တော်များအားဖြင့် သင်တို့သည် အနာပျောက်လျက်ရှိကြ၏။ စာမျက်နှာ (၂၅)

ရှင်ပေတရုသြဝါဒစာပဌမစောင် ၃း၁၅ စိတ်နှလုံးထဲ၌ ထာဝရအရှင်ဘုရား သခင်ကို ရိုသေခြင်းရှိကြလော့၊ သင်တို့မြော်လင့် ခြင်း၏ အကြောင်းကို မေးမြန်းသောသူရှိသမျှတို့အား နူးညံ့သော သဘော၊ ကြောက်ရွံ့သော သဘောနှင့် ပြန်ပြောခြင်းငှါ၊ ကာလအစဉ်မပြတ် အသင့်ရှိနေကြလော့။ စာမျက်နှာ (၃၆)

ရှင်ပေတရုသြဝါဒစာပဌမစောင် ၃း၁၈ ခရစ်တော်သည် ကိုယ်ခန္ဓာအားဖြင့် အသေသတ်ခြင်းကိုခံ၍ ဝိညာဉ် တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်တော်မူသည်ဖြစ်၍ ငါတို့ကို ဘုရားသခင့်အထံတော်သို့ ပို့ဆောင် ခြင်းငှါ၊ ဖြောင့်မတ်တော်မူသော သူသည် မဖြောင့်မတ်သောသူတို့ အတွက် ဒုစရိုက်အပြစ်များကြောင့် တခါခံ တော်မူ၏။ စာမျက်နှာ (၁၂)

ရှင်မာကုခရစ်ဝင် ၆း၂-၃ ဥပုသ်နေ့ ရောက်လျှင် တရားစရပ်၌ ဆုံးမသြဝါဒပေးတော်မူ၏။ လူများတို့သည် ကြားနာရလျှင် မိန်းမောတွေဝေခြင်းသို့ ရောက်၍၊ ဤသူသည် ဤအရာတို့ကိုအဘယ်မှာရသနည်း။ သူရသော ပညာကား အဘယ်ပညာ နည်း။ ဤမျှလောက်သော တန်ခိုးများကို အဘယ်သို့ပြနိုင်သနည်း။ သူသည် လက်သမားမဟုတ်လော။ မာရိ၏သား မဟုတ်လော။ ယာကုပ်၊ ယောသေ၊ ယုဒ၊ ရှိမုန်တို့၏ အစ်ကိုမဟုတ် လော။ သူ့နှမများသည်လည်း ငါတို့နှင့် အနီးအပါးနေကြ သည် မဟုတ်လောဟု ပြောဆိုလျက် စေတနာ စိတ်ပျက်ကြ၏။ စာမျက်နှာ (၃)

ရှင်မဿဲခရစ်ဝင် ၁း၂၀(ခ)-၂၃ ဤပဋိသန္ဓေသည် သန့်ရှင်းသောဝိညာဉ်တော်ကြောင့်ဖြစ်၏။ သားယောကျ်ား ကိုဘွားမြင် လိမ့်မည်။ ထိုသားသည် မိမိလူတို့ကို အပြစ်မှကယ်ချွတ်မည်သူဖြစ်သောကြောင့်၊ ယေရှုဟူသော အမည်ဖြင့်မှည့်ရမည်ဟု ကောင်းကင်တမန်ဆို၏။ ထိုအကြောင်းအရာမူကား၊ ထာဝရဘုရားသည်ပရောဖက်ဖြင့် ထားတော်မူသောဗျာဒိတ်တော် ပြည့်စုံ မည်အကြောင်းတည်း။ ဗျာဒိတ်တော်အချက်ဟူမူကား ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကိုဘွားမြင်လတံ့။ ထိုသားကို ဧမာနွေလအမည်ဖြင့် မှည့်ရလတံ့ ဟုလာသတည်း။ ဧမာနွေလအနက်ကား၊ ငါတို့နှင့်အတူရှိတော်မူသောဘုရားသခင်ဟု ဆိုလို သတည်း။ စာမျက်နှာ (၁)

ရှင်မဿဲခရစ်ဝင် ၃း၁၃-၁၇ ထိုအခါယေရှုသည် ဗတ္တိဇံကိုခံအံ့သောငှါ ဂါလိလဲပြည်မှယော်ဒန်မြစ်နား ယောဟန်ထံသို့ ကြွတော်မူ၏။ ယောဟန်ကလည်း၊ အကျွန်ုပ်သည် ကိုယ်တော်ထံ၌ ဗတ္တိဇံကိုခံရမည်အကြောင်း ရှိပါသည်ဖြစ်၍၊ ကိုယ်တော်သည် အကျွန်ုပ်ထံသို့ကြွလာတော်မူသလော ဟု ယေရှုကိုဆီးတားလေ၏။ ယေရှုက လည်းအလုံးစုံသော တရားတို့ကို အကုန်အစင်ကျင့်သင့်သည်ဖြစ်၍၊ ယခုအခွင့်ပေးပါဟု ပြန်ပြော တော်မူ၏။ ထိုအခါယောဟန်သည် ဝန်ခံလေ၏။ ယေရှုသည် ဗတ္တိဇံ ကိုခံတော်မူပြီးလျှင်၊ ရေမှပေါ်ထစဉ်တွင်၊ ကောင်း ကင်ဖွင့်လှစ်သဖြင့်၊ ဘုရားသခင်၏ ဝိညာဉ် တော်သည်ချိုးငှက်ကဲ့သို့ ဆင်းသက်၍ ကိုယ်တော်အပေါ် ၌နားတော်မူသည်ကို မြင်ရ၍၊ ဤသူကားငါနှစ်သက် မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်း ဟု ကောင်းကင်က အသံတော်ဖြစ်လေ၏။ စာမျက်နှာ (၃၊၂၆)

ရှင်မဿဲခရစ်ဝင် ၄း၁၉- ၂၀ ထိုသူတို့အားငါ့နောက်သို့ လိုက်ကြလော့။ သင်တို့သည် လူကိုများဖေ့သာတံငါဖြစ် စေခြင်းငှါ ငါပြုမည်ဟု အမိန့်တော်ရှိလေသော်၊ ထိုသူတို့သည်ချက်ခြင်း ပိုက်ကွန်ကိုစွန့်ပစ်၍ နောက်တော် သို့လိုက်ကြ၏။ စာမျက်နှာ (၂၆)

ရှင်မဿဲခရစ်ဝင် ၇း၇-၈ တောင်းကြလော့။ တောင်းလျှင်ရမည်။ ရှာကြလော့။ ရှာလျှင်တွေ့မည်။ တံခါးကို ခေါက်ကြလော့။ ခေါက်လျှင်ဖွင့်မည်။ တောင်းသောသူမည်သည်ကားရ၏။ ရှာသောသူလည်းတွေ့၏။ ခေါက်သော သူအားလည်း တံခါးကို ဖွင့်၏။ စာမျက်နှာ (၂၆)

ရှင်မဿဲခရစ်ဝင် ၇း၁၃-၁၄ ကျဉ်းသောတံခါးကို ဝင်ကြလော့။ ပျက်ဆီးခြင်းသို့ရောက်သောလမ်းနှင့်တံခါးသည် ကျယ်ဝန်း သည်ဖြစ်၍ ဝင်သောသူတို့သည် များကြ၏။ အသက်ရှင်ခြင်းသို့ရောက်သောလမ်းနှင့်တံခါးသည် အလွန်ကျဉ်းမြောင်းသည် ဖြစ်၍၊ တွေ့ဝင်သောသူတို့သည် နည်းကြ၏။ စာမျက်နှာ (၂၃)

ရှင်မဿဲခရစ်ဝင် ၇း၂၈-၂၉ ထိုဒေသနာတော်ကို ယေရှုဟောတော်မူသည့်အဆုံး၌ ပရိသတ်အပေါင်းတို့သည် ဆုံးမဩဝါဒ ပေးတော် မူခြင်းကို အလွန်အံ့ဩကြ၏။ အကြောင်းမူကား၊ ကျမ်းပြုဆရာနည်းတူမဟုတ်၊ အစိုး ရသော သူနည်းတူဆုံးမဩ ဝါဒပေးတော်မူ၏။ စာမျက်နှာ (၃)

ရှင်မဿဲခရစ်ဝင် ၁၀း၃၂ အကြင်သူသည် လူတို့ရှေ့မှာငါ့ကိုဝန်ခံအံ့၊ ကောင်းကင်ဘုံ၌ရှိသောငါ၏ခမည်း တော်ရှေ့မှာ ထိုသူကိုငါဝန်ခံမည်။ စာမျက်နှာ (၄၀)

ရှင်မဿဲခရစ်ဝင် ၂၆း၂၈- ၂၉ ဤခွက်ကားပဋိညာဉ်တရားသစ်နှင့်ဆိုင်၍ လူများတို့၏အပြစ်ကိုလွတ်စေခြင်းငှါ သွန်းသော ငါ၏အသွေးဖြစ်၏။ ငါဆိုသည်ကား၊ ဤစပျစ်ရည်မျိုးအသစ်ကို ငါ့ခမည်းတော်၏နိုင်ငံ၌ သင်တို့နှင့် အတူ ငါမသောက်မှီနေ့ တိုင်အောင်ယခုမှစ၍ တဖန်ငါမသောက်ရဟု မိန့်တော်မူ၏။ စာမျက်နှာ (၄)

ရှင်မဿဲခရစ်ဝင် ၂၇း၅၇-၆၁ ညအချိန်ရောက်မှ အရိမသဲမြို့သား ယောသပ်အမည်ရှိသောသူဌေးသည် ယေရှု၏ တပည့် တော်ဖြစ်သည်နှင့်၊ ပိလတ်မင်းထံသို့ဝင်၍ယေရှု၏ အလောင်းတော်ကိုတောင်းလေ၏။ ပိလတ်မင်းသည် အလောင်းတော် ကို ပေးစေခြင်းငှါ အမိန့်တော်ရှိသော်၊ ယောသပ်သည့်အလောင်းတော်ကိုယူ၍ ဖြူစင်သော ပိတ်ချောနှင့် ပတ်ရစ်ပြီးလျှင်၊ ကျောက်၌ထွင်းသော မိမိသင်္ချိုင်းတွင်းသစ်ထဲမှာထားလေ၏။ ကြီးစွာသော ကျောက်ကိုလည်း တွင်းဝ၌လှိမ့်ထား ပြီးမှသွား ၏။ မာဂဒလမာရိနှင့် အခြားသောမာရိသည် ထိုအရပ်၌ သင်္ချိုင်းတော်ရှေ့မှာထိုင်လျက် နေကြ၏။ စာမျက်နှာ (၄)

ရှင်ယာကုပ်ဩဝါဒစာ ၅း၁၆ အချင်းချင်း တယောက်နှင့်တယောက်၊ ကိုယ်အပြစ်ကို ဘော်ပြတောင်းပန်ကြလော့၊ ချမ်းသာရ မည်အကြောင်း အချင်းချင်းတို့အဘို့ ဆုတောင်းကြလော့။ သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီး သောပဌနာသည်အလွန် တန်ခိုးပါ၏။ စာမျက်နှာ (၂၆)

ရှင်ယောဟန်ခရစ်ဝင် ၁း၁၄ နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကိုခံယူ၍၊ ကျေးဇူးတော်နှင့်၎င်း၊ သစ္စာတော်နှင့် ၎င်း ပြည့်စုံလျက် ငါတို့တွင်တည်နေတော်မူသည်ဖြစ်၍၊ ခမည်းတော်၌ တပါးတည်းသော သားတော်၏ဘုန်းကဲ့သို့ သူ၏ ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။ စာမျက်နှာ (၁၊၂)

ရှင်ယောဟန်ခရစ်ဝင် ၃း၆ ဇာတိပကတိမွေးသောအရာသည် ဇာတိပကတိဖြစ်၏။ ဝိညာဉ်တော်မွေးသော အရာသည် ဝိညာဉ်ဖြစ်၏။ စာမျက်နှာ (၁၉၊၂၄)

ရှင်ယောဟန်ခရစ်ဝင် ၃း၁၆ ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူ အပေါင်း တို့သည် ပျက်ဆီးခြင်း သို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တပါးတည်းသော သားတော်ကို စွန့်တော်မူ သည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ စာမျက်နှာ(၁၂)

ရှင်ယောဟန်ခရစ်ဝင် ၉း၂၅ လူဆိုးဖြစ်သည် မဖြစ်သည်ကို အကျွန်ုပ်မသိ။ အကျွန်ုပ်သည် အထက်က မျက်စိကန်း၍ ယခုမျက်စိမြင်သည်အကြောင်းတခုကို အကျွန်ုပ်သိသည်ဟုဆို၏။ စာမျက်နှာ (၃၆)

ရှင်ယောဟန်ခရစ်ဝင် ၁၀း၁၀ သူခိုးသည် ခိုးခြင်း၊ သတ်ခြင်း၊ ဖျက်ဆီးခြင်းငှါသာ လာတတ်၏။ ငါမူကား၊ သိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့် အသက်ဖြင့်ပြည့်စုံစေခြင်းငှါ လာသတည်း။ စာမျက်နှာ (၉)

ရှင်ယောဟန်ခရစ်ဝင် ၁၀း၃၀ ငါသည် ငါ့ခမည်းတော်နှင့် တလုံးတဝတည်းဖြစ်သည်ဟု မိန့်တော်မူ၏။ စာမျက်နှာ (၁၊၂)

ရှင်ယောဟန်ခရစ်ဝင် ၁၁း၂၅-၂၆ ယေရှုကလည်း၊ ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်း အကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍ အသက်ရှင်သောသူ ရှိသမျှတို့သည် လည်း သေခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်။ ငါ့စကားကို ယုံသလောဟု မေးတော်မူလျှင်၊ မာသက၊ ဟုတ်ပါ၏သခင်။ စာမျက်နှာ (၁၅၊ ၁၆၊၁၉)

ရှင်ယောဟန်ခရစ်ဝင် ၁၂း၁၇ နောက်တော်သို့ လိုက်သောလူအစုအဝေးတို့သည်ကား လာဇရုကို သင်္ချိုင်း တွင်းမှခေါ်၍ သေခြင်း မှ ထမြောက်စေတော်မူသည်အကြောင်းကို သက်သေခံကြ၏။ စာမျက်နှာ (၃၆)

ရှင်ယောဟန်ခရစ်ဝင် ၁၄း၆-၇ ယေရှုက၊ ငါသည်လမ်းခရီးဖြစ်၏၊ သမ္မာတရားလည်းဖြစ်၏။ အသက်လည်း ဖြစ်၏။ ငါ့ကို အမှီမပြုလျှင်အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ။ သင်တို့သည် ငါ့ကိုသိလျှင် ငါ့ခမည်း တော်ကို မသိဘဲမနေရကြ။ ယခုမှစ၍ ခမည်းတော်ကို သိမြင်ကြ၏ဟုမိန့်တော်မူသည်။ စာမျက်နှာ (၁၃၊၁၅၊၁၆)

ရှင်ယောဟန်ခရစ်ဝင် ၁၄း၁၃-၁၄ သင်တို့သည် ငါ၏ နာမကို အမှီပြုလျက်ဆုတောင်းသမျှအတိုင်းငါပြုမည်။ အကြောင်း မူကား၊ ခမည်းတော်သည် သားတော်အားဖြင့် ဘုန်းထင်ရှားတော်မူခြင်းရမည်အကြောင်းတည်း။ သင်တို့သည် ငါ၏နာမကို အမှီပြု၍ တစုံတခုသောဆုကို တောင်းလျှင်၊ တောင်းသည့်အတိုင်းငါပြုမည်။ စာမျက်နှာ (၂၆)

ရှင်ယောဟန်ခရစ်ဝင် ၁၄း၂၀ ငါသည်ခမည်း တော်၌ရှိသည်ကိုငှင်း၊ သင်တို့သည် ငါ၌ရှိသည်ကိုငှင်း၊ ငါသည် သင်တို့၌ရှိ သည်ကိုငှင်း၊ ထိုနေ့၌သင်တို့သည် သိရကြလိမ့်မည်။ စာမျက်နှာ (၁၈၊၁၉)

ရှင်ယောဟန်ခရစ်ဝင် ၁၅း၇ သင်တို့သည် ငါ၌တည်၍ ငါ့စကားသည် သင်တို့၌တည်လျှင်၊ သင်တသည် တောင်းချင်သမျှကို တောင်း၍ရကြလိမ့်မည်။ စာမျက်နှာ (၂၆)

ရှင်ယောဟန်ခရစ်ဝင် ၁၅း၁၆ သင်တို့သည် ငါ့ကိုရွေး ကောက်ကြသည်မဟုတ်။ ငါသည် သင်တကိုရွေး ကောက်သဖြင့်၊ သင်တို့သည်သွား၍ တည်ကြည်သော အသီးကို သီးမည်အကြောင်းနှင့် ငါ့နာမကိုအမှီပြု၍ ခမည်းတော်မှာ တောင်းသမျှ တို့ကို ရမည်အကြောင်း သင်တို့ကို ငါခန့်ထား၏။ စာမျက်နှာ (၄၀)

ရှင်ယောဟန်ခရစ်ဝင် ၁၆း ၂၈ ငါသည် ခမည်းတော်ထံမှထွက်၍ ဤလောကသို့ကြွလာပြီ။ တဖန် ဤလောကမှ ထွက်၍ ခမည်းတော်ထံသို့သွားဦးမည်ဟု မိန့်တော်မူ၏။ စာမျက်နှာ (၅)

ရှင်ယောဟန်ခရစ်ဝင် ၁၆း၃၃ သင်တို့သည် ငါ့ကိုအမှီပြု၍ ငြိမ်သက်ခြင်းရှိစေခြင်းငှါ ဤစကားကို ငါဟော ပြောပြီ။ သင်တို့သည် လောက၌ ဆင်းရဲဒုက္ခကို ခံရကြလိမ့်မည်။ သို့သော်လည်း မစိုးရိမ်ကြနှင့်။ ငါသည် လောကကို အောင်ပြီဟုမိန့်တော်မူ၏။ စာမျက်နှာ (၁၀)

ရှင်ယောဟန်ဩဝါဒစာပဌမစောင် ၁း၇ ဘုရားသခင်သည် အလင်း၌ရှိတော်မူသကဲ့သို့၊ ငါတို့သည် အလင်း၌ ကျင်လည်လျှင်၊ အချင်းချင်း မိဿဟာယဖွဲ့ခြင်း ရှိကြသည်ဖြစ်၍၊ ဘုရားသခင်၏သားတော် ယေရှုခရစ်၏ အသွေးတော် သည်၊ ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏။ စာမျက်နှာ (၄)

ရှင်ယောဟန်ဩဝါဒစာပဌမစောင် ၁း၉ ကိုယ်အပြစ်တို့ကို ဘော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိ သမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင် သည် သစ္စာတရားနှင့်ငှင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်ငှင်း ပြည့်စုံတော်မူ၏။ စာမျက်နှာ (၂၆)

ရှင်ယောဟန်ဩဝါဒစာပဌမစောင် ၃း၁-၃ ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်ခြင်းအခွင့်ကို ငါတို့သည် ရမည်အကြောင်း၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက်ချစ်တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြလော့။ လောကီသားတို့သည် ဘုရားသခင်ကို မသိသောကြောင့်၊ ငါတို့ကိုလည်းမသိကြ။ ချစ်သူတို့၊ ယခုတွင်ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှ အဘယ်သို့သောသူဖြစ်မည်ဟု မထင်ရှားသေး။ သို့သော်လည်း၊ ကိုယ်တော်သည်ထင်ရှား ပေါ်ထွန်းတော်မူသော အခါ၊ ငါတို့သည်ကိုယ်တော်နှင့် တူကြလတံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ကိုယ်တော်ဖြစ်တော်မူသည်အတိုင်းကို ငါတို့သည်မြင်ရကြလတံ့။ ထိုသို့မြော်လင့်သော သူ မည်သည်ကား၊ ကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူ၊ ကိုယ်ကို ကိုယ်သန့်ရှင်းစေတတ်၏။ စာမျက်နှာ (၂၅)

ရှင်ယောဟန်ဩဝါဒစာပဌမစောင် ၃း၉-၁၀ ဘုရားသခင်ဖြစ် ဘွားစေတော်မူသော သူမည်သည်ကား၊ ဒုစရိုက်ကိုမပြုတတ်။ အကြောင်းမူကား၊ ထိုသူ၌မျိုးစေ့တော်တည် လျက်ရှိ၏။ ထိုသူသည ဘုရားသခင်ဖြစ်ဘွား စေတော်မူသောသူဖြစ်သော ကြောင့် ဒုစရိုက်ကိုမပြုနိုင်။ ထိုသို့သောလက္ခဏာ အားဖြင့်ဘုရားသခင်၏ သားတို့နှင့် မာရ်နတ်၏သားတို့သည် ထင်ရှားကြ ၏။ ဖြောင့်မတ်ခြင်းတရားကိုမကျင့်သောသူ၊ မိမိညီအစ်ကို ကိုမချစ်သောသူမည်သည်ကား၊ ဘုရားသခင်နှင့်မဆိုင်။ စာမျက်နှာ (၂၅)

ရှင်ယောဟန်ဩဝါဒစာပဌမစောင် ၅း၁၂-၁၃ ထိုအသက်သည်လည်း သားတော်၌ပါ၏။ ဘုရားသခင်၏ သားတော်ကို မရသော သူမူကား အသက်ကိုမရ။ ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသင်တို့သည် ထာဝရအသက်ကိုကိုယ်တိုင် ရသည်ဟုစေခြင်း ငှါ၊ ဤအရာအများကို သင်တအားငါရေး၍ ပေးလိုက်၏။ စာမျက်နှာ (၁၅၊၁၆)

ရှင်ယောဟန်ဩဝါဒစာပဌမစောင် ၅း၁၈-၁၉ ဘုရားသခင်၏ သားဖြစ်သမျှသောသူတို့သည် ဒုစရိုက်ကို မပြုတတ်သည်ကို ငါတို့သိကြ၏။ ဘုရားသခင် ဖြစ်ဘွားစေတော်မူသည်၊ မိမိကိုမိမိစောင့်ရှောက်သဖြင့်၊ မာရ်နတ်သည် ထိုသူကို မထိမခိုက် နိုင်ရာ။ ငါတို့သည် ဘုရားသခင်နှင့် စပ်ဆိုင်သည်ကိုငှင်း၊ လောကီသား အပေါင်းတို့သည် မာရ်နတ်၏ လက်၌ရှိကြသည်ကို ငှင်း ငါတို့သိကြ၏။ စာမျက်နှာ (၁၇)

ရှင်လုကာခရစ်ဝင် ၁း၇၈-၇၉ ထိုသနားတော်မူခြင်း ကျေးဇူးတော်အားဖြင့်၊ ကောင်းကင်မှ နေအရုဏ်သည် ငါတို့အပေါ် သို့တက်သဖြင့်၊ မှောင်မိုက်နှင့် သေမင်း၏အရိပ်ထဲတွင်ရှိနေသော သူတို့၌ အလင်းပေါ်ထွန်း၍၊ ငါတို့အား ငြိမ်သက်ခြင်း လမ်းကို ပြလျက်ရှိ သည်ဟု ပရောဖက်ဉာဏ်နှင့်ဟောလေ၏။ စာမျက်နှာ (၁၀)

ရှင်လုကာခရစ်ဝင် ၂း၄၀ သူငယ်သည်လည်း ကြီးပွါး၍ပညာဉာဏ်သတ္တိနှင့်ပြည့်စုံ၏။ ဘုရားသခင်၏ ကျေးဇူးတော် သည်လည်း သူ့အပေါ်၌တည်၏။ စာမျက်နှာ (၃)

ရှင်လုကာခရစ်ဝင် ၂း၄၁-၄၇ မိဘတို့သည်နှစ်တိုင်းအစဉ် ပသခါပွဲခံချိန်ရောက်လျှင်၊ ယေရုရှလင်မြို့သို့ သွားကြ၏။ ယေရှုသည် တဆယ် နှစ်နှစ်ရှိသောအခါ ပသခါပွဲထုံးစံ အတိုင်းယေရုရှလင်မြို့သို့တတ်ကြ၍၊ ပွဲနေ့ရက်လွန်ပြီးမှ မိဘတို့ သည်ပြန်ကြလျှင်၊ သူငယ်ယေရှုသည် ယေရုရှလင်မြို့၌နေရစ်လေ၏။ ယောသပ်နှင့်မယ်တော်သည် ထိုအကြောင်းကိုမသိ၍၊ အပေါင်းအဘော်စုထဲမှာ သူငယ်ပါသည်ဟုစိတ်ထင်နှင့် တနေ့ခရီးသွားမိလျှင်၊ အဆွေအမျိုးအသိအကျွမ်းတို့တွင် ရှာ၍၊ မတွေ့သောအခါ ယေရုရှလင်မြို့ပြန်၍ရှာကြ၏။ သူငယ်မူကား ဗိမာန်တော်၌ ဆရာများအလယ်မှာထိုင်၍ ထိုသူတို့နှင့် ဆွေးနွေးမေးမြန်းလျက်ရှိသည်ကို မိဘတို့သည် သုံးရက်ကြာမှ တွေ့ကြ၏။ သူ၏စကားကိုကြားသောသူ အပေါင်းတို့သည် သူ၏ပညာကို၄င်း၊ စကား အဖြေကို၄င်း အံ့သြကြ၏။ စာမျက်နှာ (၃)

ရှင်လုကာခရစ်ဝင် ၂း၅၂ ယေရှုသည်လည်း အစဉ်အတိုင်းကြီး၍ ပညာတိုးပွါးလျက်၊ ဘုရားသခင့်ရှေ့၊ လူတို့ရှေ့မှာ မျက်နှာ ရတော်မူ၏။ စာမျက်နှာ (၃)

ရှင်လုကာခရစ်ဝင် ၉း၆၀ ယေရှုက၊ လူသေတို့သည် မိမိလူသေတို့ကို သင်္ဂြိုဟ်ပါလေစေ။ သင်မူကားသွား၍ ဘုရားသခင့် နိုင်ငံတော်၏ အကြောင်းကို ဟောပြောလော့ဟု မိန့်တော်မူ၏။ စာမျက်နှာ (၄၀)

ရှင်လုကာခရစ်ဝင် ၁၀း၂ သူတို့အား မိန့်တော်မူသည်ကား၊ စပါးရိတ်စရာများစွာရှိ၏။ ရိတ်သော သူတို့သည် နည်းကြ၏။ ထိုကြောင့် လုပ်ဆောင်သော သူတို့ကို စပါးရိတ်စေခြင်းငှါ စပါးရှင်စေလွှတ်တော်မူမည်အကြောင်း ဆုတောင်းကြလော့။ စာမျက်နှာ (၄၀)

ရှင်လုကာခရစ်ဝင် ၁၉း၁၀ လူသားသည် ပျောက်သော သူတို့ကိုရှာ၍ ကယ်တင်အံ့သောငှါ ကြွလာသတည်းဟု ဇက္ခဲကို မိန့်တော်မူ၏။ စာမျက်နှာ (၄၀)

ရှင်လုကာခရစ်ဝင် ၂၄း၁-၇ ခုနစ်ရက်တွင်ပဌမနေ့ရက် အာရုဏ်တက်သောအချိန်၌၊ ထိုမိန်းမတို့သည် အခြားသောမိန်းမ တို့နှင့်တကွ မိမိတို့ပြင်ဆင်သော နံ့သာမျိုးကိုဆောင်လျက်သင်္ချိုင်းတော်သို့သွားကြ၏။ ရောက်သောအခါ၊ တွင်းဝ၌ပိတ် သောကျောက်သည် လိမ့်လန်လျက်ရှိသည်ကိုတွေ့မြင်၍ အတွင်းသို့ဝင်သော်၊ သခင်ယေရှု၏ အလောင်းတော်ကိုမတွေ့ကြ။ ထိုအကြောင်းကြောင့် သူတို့သည် တွေးတောသော စိတ်ရှိစဉ်တွင်၊ လူနှစ်ယောက်တို့သည် ပြိုးပြိုးပြက်ပြက်သော အဝတ် ကိုဝတ်ဆင်လျက်ပေါ်လာ၏။ ထိုမိန်းမတို့သည် ကြောက်လန့်သောစိတ်နှင့်ငုံ့၍နေစဉ်တွင်၊ ထိုသူတို့က၊ သင်တို့သည် အသေကောင်ရှိရာအရပ်၌ အသက်ရှင် သောသူကိုအဘယ်ကြောင့်ရှာကြသနည်း။ ဤအရပ်၌မရှိ၊ ထမြောက်တော်မူပြီ။ လူသားသည် ဆိုးသောသူ တို့လက်သို့ အပ်နှံခြင်း၊ လက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကို ကိုခံရမည်၊ သုံးရက်မြောက် သောနေ့၌ ထမြောက်လိမ့်မည်ဟု ဂါလိလဲပြည်၌ရှိတော်မူစဉ် သင်တို့အားမိန့်တော်မူသော စကားကို အောက်မေ့ကြဦး ဟု ဆိုကြသည်ရှိသော်၊ စာမျက်နှာ (၅)

ရှင်လုကာခရစ်ဝင် ၂၄း၅၀-၅၃ ထိုနောက် တပည့်တော်တို့ကို ယေရုရှလင်မြို့ပြင်၊ ဗေသနိရွာတိုင်အောင် ဆောင်သွားတော် မူပြီးမှ၊ လက်တော်ကိုချီ၍ ကောင်းကြီးပေးတော်မူ၏။ ထိုသို့ကောင်းကြီးပေးတော်မူစဉ်တွင် တပည့်တော်တို့နှင့်ခွာ၍ ကောင်း ကင်ဘုံသို့ ဆောင်ယူခြင်းကို ခံတော်မူ၏။ စာမျက်နှာ (၅)

ရောမဩဝါဒစာ ၃း၂၃ အဘယ်ကြောင့်နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့် ရှေ့တော်၌ အသရေပျက်ကြပြီ။ စာမျက်နှာ (၇၊၁၁)

ရောမဩဝါဒစာ ၅း၁-၂ ထိုကြောင့်၊ ငါတို့သည်ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ရောက်လျှင်၊ ငါတို့သခင်ယေရှုခရစ်အား ဖြင့် ဘုရားသခင့်ရှေ့တော်၌ ငြိမ်သက်ခြင်းကိုခံစားကြ၏။ ထိုကျေးဇူးတော်ကို ခံစားရသည်အကြောင်းမှာ ယုံကြည်ခြင်း ရှိ၍၊ ထိုသခင်အားဖြင့်သာခံစားသော အခွင့်ကို ရကြ၏။ သို့ဖြစ်၍ ဘုရားသခင်၏ ဘုန်းတော်ကို မြော်လင့်၍ ဝါကြွားဝမ်း မြောက်ခြင်းရှိကြ၏။ စာမျက်နှာ (၁၀၊၁၂)

ရောမဩဝါဒစာ ၅း၅ ထိုမြော်လင့် ခြင်းသည် ရှက်ကြောက်စရာ အကြောင်းနှင့်ကင်းလွတ်၏။ အကြောင်မှုကား၊ ငါတို့အား ပေးတော် မူသောသန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏မေတ္တာတော်ကို ငါတို့စိတ်နှလုံးထဲသို့ညွန်း လောင်း တော်မူ၏။ စာမျက်နှာ (၁၉)

ရောမဩဝါဒစာ ၅း၆ ငါတို့သည်အကျိုးနည်းရှိစဉ်တွင် အချိန်ဘန်မှ ခရစ်တော်သည် မတရားသောသူတို့ အတွက် ကြောင့် အသေခံတော်မူ၏။ စာမျက်နှာ (၄)

ရောမသြဝါဒစာ ၅း၉ သို့ဖြစ်၍ ယခုတွင် အသွေး တော်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ပြီးမှ၊ ထိုသခင်အားဖြင့် အပြစ်ငရဲမှ ကယ်ချွတ်တော်မူခြင်းသို့ ရောက်မည်ဟုသာ၍ မြော်လင့်စရာရှိ၏။ စာမျက်နှာ (၈)

ရောမသြဝါဒစာ ၅း၁၁ ထိုမျှမက၊ ငါတို့သခင် ယေရှုခရစ်အားဖြင့် မိဿဟာယဖွဲ့ရာကျေးဇူးကို ယခုခံပြီးလျှင်၊ ထိုသခင် အားဖြင့် ဘုရားသခင်၌ ဝါကြွားဝမ်းမြောက်ခြင်းရှိကြ၏။ စာမျက်နှာ (၂၀)

ရောမသြဝါဒစာ ၅း၁၂ ဤအကြောင်းအရာဟူမူကား၊ အပြစ်တရားသည် တယောက်သောသူအားဖြင့် ဤလောကသို့ဝင်၍၊ အပြစ်တရားအားဖြင့် သေခြင်းတရားဝင်သည်နှင့်အညီ၊ လူအပေါင်း တို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ ရောက်ရ ကြ၏။ စာမျက်နှာ (၇)

ရောမသြဝါဒစာ ၅း၁၈-၁၉ ထိုကြောင့်၊ တယောက်သောသူ၏ ပြစ်မှားခြင်းအားဖြင့်၊ လူအပေါင်း တို့သည် အပြစ်စီရင်ခြင်းနှင့် တွေ့ကြုံရကြသည်နည်းတူ၊ တယောက်သော သူ၏ ဖြောင့်မတ်ခြင်း အားဖြင့်၊ လူအပေါင်း တို့သည် အသက်နှင့်ယှဉ်သော ဖြောင့်မတ်ရာသို့ ရောက်ခြင်း အခွင့်ကို ရကြ၏။ အကြောင်းမူကား၊ တယောက် သောသူသည် နားမထောင်သောအားဖြင့်၊ လူများ တို့သည် အပြစ်ရောက်သည်နည်းတူ တယောက်သောသူ သည် နားထောင်သောအားဖြင့်၊ လူများတို့သည် ဖြောင့် မတ်ရာသို့ ရောက်ရကြ၏။ စာမျက်နှာ (၇၊၁၇)

ရောမသြဝါဒစာ ၆း၄-၆ ထိုကြောင့်၊ အသေခံတော်မူခြင်း၌ ဗတ္တိဇံကိုခံသောအားဖြင့်၊ ထိုသခင်နှင့် အတူသင်္ဂြိုဟ် ခြင်းကို ခံကြ၏။ အကြောင်းမူကား၊ ခရစ်တော်သည် ခမည်းတော်၏ ဘုန်းတန်ခိုးအားဖြင့် သေခြင်းမှထမြောက် တော်မူသည် နည်းတူ၊ ငါတို့သည်လည်းအသစ်သောအသက်၌ ကျင်လည်ရကြသတည်း။ တနည်းကား၊ အသေ ခံတော်မူခြင်း၏ ပုံသဏ္ဍာန်ကိုဆောင်၍၊ ထိုသခင်နှင့်အတူငါတို့သည် စိုက်ပျိုး လျက်ရှိသည်မှန်လျှင်၊ ထမြောက် တော်မူခြင်း၏ ပုံသဏ္ဍာန်ကို ဆောင်၍ စိုက်ပျိုးလျက်ရှိကြလိမ့်မည်။ ထိုမှတပါး၊ ငါတို့၏လူဟောင်း သည် ထိုသခင်နှင့် အတူ လက်ဝါးကပ်တိုင်မှာ အသေ သတ်ခြင်းကိုခံပြီဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ငါတို့သည် နောက်မှအပြစ်တရား၏ အစေကိုမခံစေခြင်း ငှါ၊ အပြစ်တရား၏ ကိုယ်ကိုဖျက်ဆီးမည်အကြောင်းတည်း။ စာမျက်နှာ (၁၈၊၁၉)

ရောမသြဝါဒစာ ၆း၁၁-၁၃ ထိုနည်းတူ သင်တို့သည် အပြစ်တရားနှင့် ဆိုင်သောအရာ၌ကား၊ အသေဖြစ်သည် ဟူ၍၎င်း၊ ဘုရားသခင်နှင့်ဆိုင်သော အရာ၌ကား၊ ငါတို့သခင် ယေရှုခရစ်အားဖြင့် အသက်ရှင်သည် ဟူ၍၎င်း၊ ကိုယ်ကိုကိုယ် ထင် မှတ်ကြလော့။ ထိုကြောင့်၊ သင်တို့၏ သေတတ်သော ကိုယ်ခန္ဓာ၏ တပ်မက်ခြင်း အလို သို့လိုက်ရသည် တိုင်အောင်၊ အပြစ် တရားသည် ထိုကိုယ်ခန္ဓာ၌အစိုးမရစေနှင့်။ သင်တို့၏ ကိုယ်အင်္ဂါများကို ဒုစရိုက် လက်နက်ဖြစ်စေ၍၊ အပြစ် တရားအား မဆက်ကြနှင့်။ သေခြင်းမှ ထမြောက်၍ အသက်ရှင်သော သူကဲ့သို့၊ ဘုရားသခင်အားကိုယ်ကိုကိုယ် ဆက်ကြလော့။ စာမျက်နှာ (၂၅)

ရောမသြဝါဒစာ ၆း၁၆ အကြင်သူ၏ အထံ၌အစေခံ ကျွန်ဖြစ်ခြင်းငှါ သင်တို့ဝင်၌အစေခံ၏၊ ထိုသသည် သေခြင်းနှင့်ယှဉ် သောအပြစ်တရားဖြစ်စေ၊ ဖြောင့်မတ်ရာသို့ရောက်ခြင်း နှင့်ယှဉ်သောနားထောင်ခြင်း တရားဖြစ်စေ၊ သင်တို့သည် သခင်ဖြစ် သည်ကိုမသိကြသလော။ စာမျက်နှာ (၉၊၂၃)

ရောမသြဝါဒစာ ၆း၂၁ ယခုသင်တို့ရှက်ကြောက်သောထိုအကျင့် တို့ကိုကျင့်စဉ်အခါ၊ အဘယ်အကျိုးကို ရကြသနည်း။ ထိုသို့သောအကျင့်သည် သေခြင်း၌လမ်းဆုံးသတည်း။ စာမျက်နှာ (၉)

ရောမသြဝါဒစာ ၆း၂၃ အပြစ်တရား၏အခကား သေခြင်းပေတည်း။ ဘုရားသခင် ပေးတော်မူသော ဆုကျေးဇူး တော်ကား၊ ငါတို့သခင် ယေရှုခရစ်အားဖြင့် ထာဝရအသက် ပေတည်း။ စာမျက်နှာ (၁၁)

ရောမသြဝါဒစာ ၇း၁၄-၂၅ ထိုမှတပါး၊ ပညတ်တရားသည်ဝိညာဉ်ပကတိနှင့်စပ်ဆိုင်သည်ကိုငါတို့သိကြ၏။ ငါမူကားဇာတိ ပကတိရှိ၏။ အပြစ်တရားလက်၌ ကျေးကျွန်ဖြစ်၏။ အကြောင်းမူကား၊ ငါသည်ကိုယ်ကျင့်သော အကျင့်ကို မနှစ်သက်။ ကျင့်ချင်သော အကျင့်ကိုမကျင့်၊ ရွံရှာသောအကျင့်ကိုကျင့်၏။ ထိုသို့ငါသည် မကျင့်ချင်သော အကျင့်ကိုကျင့်လျှင်၊ ပညတ် တရားဖြောင့်သည်ဟု ငါဝန်ခံ၏။ သို့ဖြစ်လျှင်၊ ထိုမကောင်းသော အကျင့်ကို ငါကိုယ်တိုင် ကျင့်သည်မဟုတ်။ ငါ့အထဲ၌နေ သောအပြစ်တရားသည် ကျင့်၏။ ငါ့အထဲမှာငါ့ ဇာတိပကတိ၌ ကောင်းသောအရာတစုံတခုမျှမတည် သည်ကိုငါသိ၏။ အကြောင်းမူကား၊ ငါသည်ကျင့်ချင်သော စိတ်ရှိ သော်လည်း၊ ကောင်းစွာကျင့်တတ်သော အခွင့်ကို ရှာ၍မတွေ့နိုင်။ ငါသည် ကျင့်ချင်သော အကျင့် ကောင်းကို မကျင့်၊ မကျင့်ချင်သောအကျင့်ကိုကျင့်၏။ ထိုသို့ငါသည် မကျင့်ချင်သောအကျင့်ကို ကျင့်လျှင်၊ ငါကိုယ်တိုင်ကျင့်သည် မဟုတ်။ ငါ့အထဲ၌နေသောအပြစ်တရားသည် ကျင့်၏။ ထိုသို့ကောင်းသော အကျင့်ကို ငါကျင့်ချင်သောခါ၊ မကောင်းသောအကျင့်ကို ကျင့်စေတတ်သော တရားကို ငါတွေ့၏။ ငါသည်အတွင်းလူ အားဖြင့် ဘုရားသခင်၏ ပညတ်တရားတော်ကို နှစ်သက်၏။ သို့သော်လည်းငါ့ကိုယ်အင်္ဂါများ ၌ရှိသောတရား တပါးသည်စိတ်ဝိညာဉ် တရားကို ဆိုင်ပြိုင်တိုက်လှန်သဖြင့်၊ ငါ့ကိုယ်အင်္ဂါများ၌ ရှိသောအပြစ်တရား လက်သို့ ငါ့ကိုဘမ်းသွားအပ်နှံသည် ကိုငါမြင် ၏။ ငါသည်ငြိုငြင်သောသူဖြစ်ပါသည်တကား။ ဤအသေကောင်မှ ငါ့ကို အဘယ်သူ ကယ်လွှတ်မ

ကယ်လွှတ်မည်နည်း။ ငါတို့သခင် ယေရှုခရစ်အားဖြင့်ကယ်လွှတ်တော်မူသော ဘုရားသခင်၏ ကျေးဇူးတော်ကြီးလှပေ၏။ ထိုသို့စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ တရားတော်အလိုသို့ ၄င်း၊ ဇာတိပကတိ အားဖြင့် အပြစ်တရားအလိုသို့၄င်း၊ ငါလိုက်တတ်၏။ စာမျက်နှာ (၂၃)

ရောမဩဝါဒစာ ၈း၁-၂ ဘုရားသခင်ကယ်လွှတ်တော်မူသောကြောင့်ယေရှုခရစ်၌ တည်၍၊ ဇာတပကတိ အတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်းကျင့်သောသူတို့သည်အပြစ်စီရင်ခြင်းနှင့်လွှတ်ကြ၏။ ယေရှုခရစ်၌ တည်၍အသက်ရှင် စေသော ဝိညာဉ်တော်၏ တရားသည်အပြစ်တရား၏ လက်မှ၄င်း၊ သေခြင်းတရား၏ လက်မှ၄င်း၊ ငါ့ကိုကယ်လွှတ်ပြီ။ စာမျက်နှာ (၁၇၊၂၃)

ရောမဩဝါဒစာ ၈း၃ ဇာတိပကတိကြောင့်ပညတ်တရားသည်အားနည်း၍ မတတ်နိုင်သောအမှုက ဘုရားသခင်ပြု တော်မူခြင်းငှါ၊ အပြစ်နှင့်ပြည့်စုံသောဇာတိပကတိ၏ သဏ္ဍာန်ကိုဆောင်သော မိမိသားတော်ကို စေလွှတ်တော်မူ၍၊ အပြစ်ဖြေဘို့ရာ ဇာတိပကတိ၌ အပြစ်ကိုဒဏ်ပေးတော်မူ၏။ စာမျက်နှာ (၁၊၂၄)

ရောမဩဝါဒစာ ၈း၅-၆ ဇာတိပကတိရှိသောသူတို့သည် ဇာတိပကတိနှင့်စပ်ဆိုင်သော အရာတို့ကိုစွဲလမ်း သောစိတ် သဘောရှိကြ၏။ ဇာတိပကတိစိတ်သဘောသည် သေခြင်းအကြောင်းဖြစ်၏။ ဝိညာဉ် ပကတိ စိတ်သဘောသည် အသက် ရှင်ခြင်းအကြောင်းနှင့် ငြိမ်သက်ခြင်းအကြောင်းဖြစ်၏။ စာမျက်နှာ (၁၀၊၂၂)

ရောမဩဝါဒစာ ၈း၁၀ ခရစ်တော်သည် သင်တို့အထဲ၌ ရှိတော်မူလျှင်၊ ကိုယ်ကာယသည် အပြစ်ကြောင့် အသေဖြစ် သော်လည်း ဝိညာဉ်မူကား ဖြောင့်မတ်ခြင်းကြောင့် အသက်ရှင်လျက်ရှိ၏။ စာမျက်နှာ (၁၉၊၂၄၊၂၅)

ရောမဩဝါဒစာ ၈း၁၅-၁၇(က) အကြောင်းမူကား၊ သင်တို့သည် တဖန်ကြောက်ရွံ့တတ် သောကျွန်၏ သဘောကိုရကြ သည်မဟုတ်။ အဗ္ဗအဘဟု ခေါ်ရသော အခွင့်နှင့်သားဖြစ်ခြင်း၏ သဘောကိုရကြပြီ။ ၁၆ငါတို့သည်ဘုရားသခင်၏ သားဖြစ်ကြသည်ဟု ဝိညာဉ်တော် သည် ငါတို့၏ ဝိညာဉ်နှင့် အတူ သက်သေခံတော်မူ၏။ ၁၇သားမှန်လျှင်အမွေခံ၊ ဘုရားသခင်၏ အမွေခံဖြစ်ကြ၏။ စာမျက်နှာ (၂၀၊၂၁)

ရောမဩဝါဒစာ ၈း၃၇ မကွာစေသည်သာမက၊ ငါတို့ကိုချစ်တော်မူသောသူ၏ ကျေးဇူးတော်ကြောင့်၊ ငါတို့သည်ထိုအမှု ခပ်သိမ်းတို့ကို ခံစဉ်တွင်ပင်အထူးသဖြင့်အောင် မြင်ကြ၏။ စာမျက်နှာ (၉)

ရောမဩဝါဒစာ ၁၀း၉ အဘယ်သို့နည်း ဟူမူကား သင်သည် သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကို သေခြင်းမှထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ယုံကြည်လျှင် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။ စာမျက်နှာ (၁၅၊၁၆)

ရောမဩဝါဒစာ ၁၀း၁၃ အကြောင်း မူကား၊ ထာဝရဘုရားကို ပဌနာပြုသောသူ ရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့။ စာမျက်နှာ (၁၅၊၁၆)

ရောမဩဝါဒစာ ၁၂း၁ ညီအစ်ကိုတို့၊ အသက်ရှင်ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင် နှစ်သက်တော်မူ ဘွယ်သော လက္ခဏာနှင့်ပြည့်စုံသောယဇ်ကို သင်တို့သည်ပူဇော်၍၊ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်း တည်းဟူသော သင်တို့ပြုအပ်သောဝတ်ကို ပြုမည်အကြောင်း ဘုရားသခင်၏ကရုဏာတော်ကို ထောက်ထား၍၊ သင်တို့ကို ငါတိုက်တွန်းနှိုးစော်ပေး၏။ စာမျက်နှာ (၂၅)

ရောမဩဝါဒစာ ၁၂း၄-၅ ဥပမာကား၊ ကိုယ်တခု၌ အင်္ဂါအများ ရှိသည်ဖြစ်၍၊ ထိုအင်္ဂါများသည် ဆောင်ရွက်စရာအမှုတခု တည်းမရှိသကဲ့သို့၊ ထိုအတူ၊ အများဖြစ်သော ငါတို့သည် ခရစ်တော်၌ တကိုယ်တည်းဖြစ်၍၊ အသီးသီးအင်္ဂါချင်း ဖြစ်ကြ၏။ စာမျက်နှာ (၂၅)

သုတ္တံကျမ်း ၁၄း၁၂ လူထင်သည်အတိုင်း မှန်သောလက္ခဏာရှိသော်လည်း၊ အဆုံး၌ သေခြင်းသို့ပို့သော လမ်းတမျိုးရှိ၏။ စာမျက်နှာ (၁၁)

သက်သာလောနိတ်ဩဝါဒစာပဌမစောင် ၁း၆-၈ သင်တို့သည် ကြီးစွာသောဆင်းရဲကို ခံရသော်လည်း၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့်ဆိုင်သော ဝမ်းမြောက်ခြင်း နှင့်တကွ၊ နှုတ်ကပတ်တရားတော်ကို ခံယူ၍၊ ငါတို့ကဲ့သို့သောသူ၊ သခင်ဘုရား ကဲ့သို့သောသူ ဖြစ်ကြ၏။ သို့ဖြစ်၍၊ မာကေဒေါနိပြည်၊ အာခါယပြည်၌ ယုံကြည်သောသူ အပေါင်းတို့အား သင်တို့သည် ပုံသက်သေပေး သောသူ ဖြစ်ကြ၏။ အဘယ်သို့နည်း ဟူမူကား၊ သင်တို့ထံက၊ သခင်ဘုရား၏ နှုတ်ကပတ်တရားတော် အသံသည် မာကေဒေါနိပြည်၊ အာခါယပြည်၌ ကျော်စောသည်သာမက၊ ဘုရားသခင်ကို သင်တို့ယုံကြည်ခြင်း၏ သိတင်း သည် အရပ်ရပ်တို့၌ နံ့ပြားလေ၏။ သို့ဖြစ်၍ ငါတို့သည် တစုံတခုကိုမျှ ပြောစရာအကြောင်းမရှိ။ စာမျက်နှာ (၃၆)

သက်သာလောနိတ်ဩဝါဒစာပဌမစောင် ၅း၂၃-၂၄ ငြိမ်သက်ခြင်း၏အရှင် ဘုရားသခင်ကိုယ်တော်တိုင်လည်း၊ သင်တို့ကို အကုန် အစင်သန့်ရှင်းစေတော်မူပါစေသော။ ငါတို့သခင် ယေရှုခရစ်ကြွလာတော်မူသောအခါ၊ သင်တို့၏ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်အပေါင်းကို အပြစ်တင်ခွင့်နှင့် ကင်းလွတ်စေခြင်းငှါ စောင့်မတော်မူပါစေသော။ သင်တို့ကို ခေါ်တော်မူသော သူသည် သစ္စာနှင့်ပြည့်စုံသည်ဖြစ်၍၊ ထိုသို့ပြုတော်မူလိမ့်မည်။ စာမျက်နှာ (၂၄၊၂၅)

ဟေဗြဲသြဝါဒစာ ၁း၃ ထိုသားတော်သည် ဘုရားသခင်၏ ဘုန်းတော်ရောင်ခြည်နှင့် ဇာတိအဖြစ်တော်၏ ပုံသဏ္ဍာန်ဖြစ်၍၊ တန်ခိုးနှင့်ပြည့်စုံသော မိမိအမိန့်တော်အားဖြင့် ခပ်သိမ်းသောအရာ တို့ကို မစတော်မူသောသူဖြစ် လျက်၊ ငါတို့အပြစ်များကို ကိုယ်တော်တိုင်အားဖြင့် သုတ်သင်ပယ်ရှင်းပြီးလျှင်၊ မြင့်သောအရပ်မှာ တန်ခိုးအားနသော် တော်၏ လက်ျာဘက်၌ ထိုင် တော်မူ၏။ စာမျက်နှာ (၁၊ ၂၅)

ဟေဗြဲသြဝါဒစာ ၂း၁၁-၁၇ သန့်ရှင်စေတတ်သောသူနှင့် သန့်ရှင်းစေအပ်သောသူများတို့သည် တပါးတည်းသောပကတိ ရှိကြ၏။ ထို့ကြောင့်၊ သန့်ရှင်းစေတတ်သောသူသည် သန့်ရှင်းစေအပ်သောသူတို့ကို ညီအစ်ကိုဟူ၍ခေါ်ခြင်းငှါ ရှက် ကြောက်တော်မမူ။ ထိုသို့ခေါ်သောအချက်ဟူမူကား၊ သိတင်းတော်ကိုအကျွန်ုပ်ညီအစ်ကိုတို့အား အကျွန်ုပ်ကြားပြောပါ မည်။ ပရိသတ်အလယ်မှာ ကိုယ်တော်ကိုချီးမွမ်း၍ သီချင်းဆိုပါမည်ဟု လာသတည်း။ တချက်ကား၊ ငါသည်ဘုရားသခင်ကိုကိုးစားမည်ဟု လာသတည်း။ တဖန်ကား၊ ငါမှစ၍ငါ့အားဘုရားသခင်ပေးတော် မူသောသူငယ်တို့သည်ရှိကြ၏ ဟုလာသ တည်း။ ထိုသူငယ်တို့သည် အသွေးအသားနှင့် ဆက်ဆံကြသောကြောင့်၊ ခရစ်တော်သည် အသေခံတော်မူ သော အားဖြင့်၊ သေခြင်းတရားကိုအစိုးရသောသူတည်းဟူသော မာရ်နတ်၏ တန်ခိုးကိုချိုးဖဲ့ဖျက်ဆီးခြင်းငှါ၄င်း၊ သေဘေးကို ကြောက်၍ တသက်လုံးကျွန်ခံရသော သူတို့ကိုကယ်လွှတ်ခြင်းငှါ၄င်း၊ ထိုသူငယ်တို့၏ နည်းတူ အသွေးအသားကို ဆောင်ယူတော်မူ၏။ အကြောင်းမူကား၊ ခရစ်တော်သည် ကောင်းကင်တမန်တို့ကို မစတော်မူသည်မဟုတ်၊ အာဗြဟံအမျိုးကိုမစတော်မူ၏။ ထို့ကြောင့်၊ ခရစ်တော်သည် လူတို့၏ အပြစ်ဖြေစရာ အကြောင်းကို စီရင်၍၊ ဘုရား သခင်နှင့် စပ်ဆိုင်သောအရာတို့၌ ကရုဏာနှင့် ၄င်း၊ သစ္စာနှင့်၄င်း ပြည့်စုံသော ယဇ်ပုရောဟိတ်အကြီးဖြစ်အံ့သောငှါ၊ မိမိညီအစ်ကိုတို့နှင့် လုံးလုံးတူရသော အကြောင်းရှိ၏။ စာမျက်နှာ (၁၊၂၊၂၀)

ဟေဗြဲသြဝါဒစာ ၂း၁၄-၁၅ ထိုသူငယ်တို့သည် အသွေးအသားနှင့် ဆက်ဆံကြသောကြောင့်၊ ခရစ်တော်သည် အသေခံ တော်မူသောအားဖြင့်၊ သေခြင်းတရားကိုအစိုးရသောသူတည်းဟူသော မာရ်နတ်၏ တန်ခိုးကို ချိုးဖဲ့ဖျက်ဆီးခြင်းငှါ၄င်း၊ သေဘေးကို ကြောက်၍ တသက်လုံးကျွန်ခံရသော သူတို့ကို ကယ်လွှတ်ခြင်းငှါ၄င်း၊ ထိုသူငယ်တို့၏ နည်းတူ အသွေးအ သားကို ဆောင်ယူတော်မူ၏။ စာမျက်နှာ (၄)

ဟေဗြဲသြဝါဒစာ ၄း၃ ငါတို့မူကား၊ ယုံကြည်သောသူဖြစ်၍ ဘုရားသခင်၏ ချမ်းသာထဲသို့ဝင်ရကြ၏။ ထိုသို့နှင့်အညီ ဗျာဒိတ် တော်ကား၊ သူတို့သည်ငါ၏ ချမ်းသာထဲသို့မဝင်ရကြဟု အမျက်ထွက်၍ ငါကျိန်ဆိုသည် ဟုလာ၏။ ချမ်းသာဟုဆိုသော်၊ ကမ္ဘာဦးကပင်အမှုအရာတို့ကိုပြီးစီး၍ ငြိမ်ဝပ်တော်မူရာချမ်းသာဟု ဆိုလိုသတည်း။ စာမျက်နှာ (၁၃)

ဟေဗြဲသြဝါဒစာ ၄း၇ တဖန်တုံ၊ ယနေ့တွင်သင်တို့သည် ဗျာဒိတ်တော်အသံကိုကြားလျက်ရှိသည်ဖြစ်၍ ခိုင်မာသောစိတ် နှလုံး မရှိကြနှင့်ဟုဆိုသည်ဖြစ်၍၊ ဤမျှလောက်ကာလကြာပြီးမှ၊ ယနေ့ဟု ဒါဝိဒ်ကျမ်းစာ ၌လာသောအခါ၊ တစုံတခုသော နေ့ရက်ကိုသေချာစွာ မှတ်သားသတည်း။ စာမျက်နှာ (၁၃)

ဟေဗြဲသြဝါဒစာ ၄း၁၂ ဘုရားဘုရား၏ နှုတ်ကပတ်တရား တော်သည် အသက်ရှင် ခြင်း၊ တန်ခိုးနှင့် ပြုပြင်ခြင်း၊ သန်လျက် တကာတို့ထက် ထက်ခြင်းနှင့်ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့်စိတ်ဝိညာဉ်ကို၄င်း၊ အရိုးဆစ်နှင့် ခြင်ဆီကို၄င်း ပိုင်းခြား၍ ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံ အစည်များကိုလည်း သိမြင်တတ်၏။ စာမျက်နှာ (၂၄၊ ၂၆)

ဟေဗြဲသြဝါဒစာ ၉း၂၂ ပညတ်တရားအတိုင်း ခပ်သိမ်းသောအရာတို့ကို ကုန်မတတ် အသွေးအားဖြင့် စင်ကြယ်စေတတ် ၏။ အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်းမရှိ။ စာမျက်နှာ (၄)

ဧဖက်သြဝါဒစာ ၁း၅-၈ ထိုဘုရားသခင်သည် ချစ်တော် မူသော သားတော်ကြောင့်၊ ငါတို့အား ပေးတော်မူသော ကျေးဇူး တော်၏ ဘုန်းအသရေကို ချီးမွမ်းစေခြင်းငှါ၊ ငါတို့သည် ယေရှုခရစ်အားဖြင့် သားအရာကို ရမည်အကြောင်း၊ အလိုတော်ရှိ သောစေတနာအတိုင်း ရှေးမဆွက ခွဲခန့် မှတ်သားတော်မူ၏။ ခပ်သိမ်းသော သတိပညာတော်နှင့်လျော်စွာ ငါတို့၌ အတိုင်း ထက်အလွန်များလှစွာသော ကျေးဇူးတော် သည် ကြွယ်ဝပြည့်စုံသည်နှင့်အညီ၊ ထိုသားတော်၏ အသွေးအားဖြင့် အပြစ် လွှတ်တော်မူခြင်းတည်း ဟူသော ရွေးနှုတ်တော်မူခြင်း ကျေးဇူးကို ငါတို့သည်ခံရကြ၏။ စာမျက်နှာ (၁၅၊၁၆)

ဧဖက်သြဝါဒစာ ၁း၇ ခပ်သိမ်းသော သတိပညာတော်နှင့်လျော်စွာ ငါတို့၌ အတိုင်းထက်အလွန်များလှစွာသော ကျေးဇူး တော်သည် ကြွယ်ဝပြည့်စုံသည်နှင့်အညီ၊ ထိုသားတော်၏ အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်း ဟူသော ရွေးနှုတ်တော်မူခြင်း ကျေးဇူးကို ငါတို့သည်ခံရကြ၏။ စာမျက်နှာ (၄)

ဧဖက်သြဝါဒစာ ၁း၁၁ မိမိစေတနာ၏ အလိုတော်သို့လိုက်၍ အလုံးစုံတို့ကို စီရင်ပြုပြင်တော်မူတတ်သော သူ၏ကြံစည် ခြင်းရှိသည်အတိုင်း၊ ရှေးမဆွက ခွဲခန့်မှတ်သား တော်မူသည်နှင့်အညီ၊ ငါတို့သည် ထိုခရစ်တော်အားဖြင့် အမွေခံ ဖြစ်ကြ ၏။ စာမျက်နှာ (၁၈)

ဖေက်သြဝါဒစာ ၁း၁၃-၁၄ သင်တို့သည်လည်း ကယ်တင်တော်မူခြင်းအကြောင်းနှင့် ယှဉ်သေ
ာဧဝံဂေလိတရားတည်း ဟူ သော သမ္မာတရားကို ကြားနာရ၍ ထိုခရစ်တော်ကို ယုံကြည်ပြီးမှ၊
ဂတိတော်နှင့်ယှဉ်သော သန့်ရှင်းသောဝိညာဉ်တော်၏ တံဆိပ်ခပ်ခြင်းကို ခံရကြပြီ။ ၁၄ပိုင်ထို
က်တော်မူသောသူတို့သည် ဘုန်းတော်ကို ချီးမွမ်းခြင်းအကြောင်းနှင့် ရွေးနှုတ်တော်မူ ခြင်းသို့
မရောက်မှီ ကာလပတ်လုံး ထိုဝိညာဉ်တော်သည် ငါတို့အမွေ၏ စားရန်ဖြစ်တော်မူ၏။ စာမျက်
နှာ (၁၇၊၁၉)

ဖေက်သြဝါဒစာ ၂း၆ ယေရှုခရစ်အားဖြင့် ငါတို့ကို ထမြောက်စေ၍ ကောင်းကင်အရပ်၌ နေရာ
ပေးတော်မူပြီ။ စာမျက်နှာ (၁၉)

ဖေက်သြဝါဒစာ ၂း၈-၁၀ ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရော
က်ရ၏။ ကိုယ်အလို အလျောက်ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာ ဖြစ်သတည်း။
ကိုယ်ကုသိုလ်ကြောင့် ကယ်တင် တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ
ဝါကြွားစရာအခွင့်မရှိ။ အဘယ်ကြောင့် နည်းဟူမူကား၊ ငါတို့သည် ကောင်းသောအကျင့်တို့ကို
ကျင့်ရမည့်အကြောင်း၊ ယေရှုခရစ်၌ ပြုပြင်၍ ဖန်ဆင်းတော်မူရာ ဖြစ်ကြ၏။ ထိုကောင်းသော
အကျင့်တို့၌ ငါတို့သည် ကျင်လည်ရမည့်အကြောင်း၊ ဘုရားသခင်သည် ငါတို့ကို ပြင်ဆင်တော
မူနှင့်ပြီ။ စာမျက်နှာ (၈၊၁၅၊၁၆)


ဖေက်သြဝါဒစာ ၂း၁၃ သင်တို့သည် အထက်ကဝေးလျက် ရှိသော်လည်း၊ ယခုမှာ ယေရှုခရစ
၌ ဖြစ်၍ အသွေးတော်အားဖြင့် အနီးသို့ရောက်ကြပြီ။ စာမျက်နှာ (၁၃)

ဖေက်သြဝါဒစာ ၂း၁၄-၁၅ အဘယ်သို့နည်းဟူမူကား၊ ထိုသခင်သည် ငါတို့၏ ရန်ငြိမ်းခြင်းအေ
ကြာင်း ဖြစ်တော်မူ၏။ ဝိနည်း အထုံးအဖွဲ့နှင့် စပ်ဆိုင်သော ပညတ်တရားတည်းဟူသော ရန်ဖြ
ုးဖွဲ့ခြင်း၏ အကြောင်းကို ကိုယ်ခန္ဓာတော်တွင် ပယ်ရှင်း တော်မူသဖြင့်၊ ပိုင်းခြားလျက် ရှိသော
စပ်ကြား အုတ်တန်တိုင်းနံရံကို ဖြိုဖျက်၍ လူမျိုးနှစ်စုတို့ကို တစုတည်း ဖြစ်စေတော် မူ၏။ အေ
ကာင်းမူကား၊ ရန်ကိုငြိမ်းစေပြီးလျှင်၊ စာမျက်နှာ (၉)

ဖေက်သြဝါဒစာ ၃း၁၄-၁၅ အထက်ဆိုခဲ့ပြီးသော အကြောင်းကြောင့်၊ ကောင်းကင်ပေါ်၊ မြေကြ
ီးပေါ်မှာရှိသော တအိမ် ထောင်လုံး တည်းဟူသော သားတော်အပေါင်းတို့၏ အချုပ်အခြာဖြစ်ေ
တာ်မူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော် ရှေ့မှာ ငါသည် ဒူးထောက်၍ ဆုတောင်းလေ
ရှိ၏။ စာမျက်နှာ (၁၇)

ဖေက်သြဝါဒစာ ၄း၂၁-၂၂ အထက်ကကျင် လည်ကြသည့်အရာမှာ လှည့်ဖြားတတ်သော လေ
ာဘစိတ်တို့ဖြင့် ပုတ်ပျက် သောလူဟောင်းကို ချွတ်ပယ်၍၊ စိတ်နှလုံးသဘောသစ်ကို ရပြီးလျှင်
၊ မှန်သောဖြောင့် မတ်ခြင်း၊ သန့်ရှင်းခြင်းပါရမီအားဖြင့် ဘုရားသခင်နှင့်အတူ အမျှ ဖန်ဆင်းသေ
ာလူသစ်ကို ယူတင်ဝတ်ဆောင်မည် အကြောင်း၊ ခရစ်တော်၏စကားကို ကြားနာရ သည်ဖြစ်၍၊
ယေရှု၌ သမ္မာတရားရှိသည်နှင့်အညီ၊ ထိုသင်ထံ၌ နည်းခံကြပြီသတည်း။ စာမျက်နှာ (၂၅)

# ဘုရားသခင်၏သား မည်ကဲ့သို့ဖြစ်ရမည်နည်း



ရည်ညွှန်းဖေါ်ပြထားသည့် ရိုးရှင်းလွယ်ကူသော ဤသမ္မာတရားများကို တွေ့ကြုံခံစားပါ။ ဘုရားသခင်ကို ကိုးစားခြင်းနှင့် ယုံကြည်ခြင်းသည် ပြည့်ဝသောအသက်တာ၊ ကြွယ်ဝသောအသက်တာနှင့် အောင်မြင်သောအသက်တာသို့ အဘယ်ကဲ့သို့ ပို့ဆောင်လမ်းပြပေးနိုင်သည်ကို သင်ယူပါ။

ဤစာအုပ်ကို မည်သို့ အသုံးပြုရမည်နည်း -

• ဘုရားသခင်နှင့်အတူ ငြိမ်သက်ခြင်းကိုရရှိစေနိုင်သည့် လမ်းညွှန်နှင့်လမ်းခရီး အဖြစ်လည်းကောင်း၊

• ကယ်တင်ခြင်းနှင့်ဆိုင်သော အတွေ့ကြုံကို နားလည်သဘောပေါက်စေနိုင်သည့် နည်းလမ်းအဖြစ်လည်းကောင်း၊

• တစ်ဦးချင်း (သို့) အစုအဖွဲ့လိုက် ကျမ်းစာလေ့လာသည့် အစီအစဉ်အတွက်လည်းကောင်း၊ (ကျမ်းကိုးစုစုပေါင်း ၂၂၃ ကျမ်း ပါဝင်ပါသည်)

• ရက်ပေါင်း ၃၀ ဝတ်ပြုဆုတောင်းခြင်း လမ်းညွှန်အဖြစ်လည်းကောင်း၊ (ရှင်းလင်းဖေါ်ပြချက်များနှင့် ကျမ်းချက်များကို အသုံးပြု၍)

ဤစာအုပ်ကိုရေးသားသူ ဒေးဗစ် ဟိုဂဲလ် သည် ဘုရားသခင်၌အသစ်မွေးဖွားပြီးသူဖြစ်ပါသည်။ စာရေးသူသည် နှစ်ပေါင်းများစွာအတွင်း အတ္တဗဟိုပြုအသက်တာ၊ ကိုယ်ကျိုးကိုသာငဲ့ကွက်သောအသက်တာဖြင့်အသက်ရှင်ခဲ့သည်။ ယင်းနောက်တွင် ယေရှုခရစ်တော်က စာရေးသူအား အတွေ့အကြုံ၊ အစွမ်းခွန်အားနှင့် မျှော်လင့်ခြင်း များကို ပေးအပ်ခဲ့သည်။ ထိုအနှစ်သာရများကို ဤစာအုပ်တွင်ပါဝင်သော အကြောင်းအရာများက ရောင်ပြန်ဟပ်နေပါသည်။ယေရှုခရစ်တော်ကို ယုံကြည်ကိုးစားခြင်း၊ ကယ်တင်ခြင်းဆုကျေးဇူးကို နားလည်သဘောပေါက်ခြင်းသည် အောင်မြင်သောအသက်တာ၊ ကြွယ်ဝသောအသက်တာနှင့် ဘုရားသခင်၏ငြိမ်သက်ခြင်းကို ခံစားရသော အသက်တာသို့ ပို့ဆောင်ပေးနိုင်သည်ကို စာရေးသူ ဟိုဂဲလ် က သူ၏ ရည်ညွှန်းဖေါ်ပြချက်များ၊ ကျမ်းချက်များနှင့် ရေးသားချက်များအားဖြင့် ဖေါ်ပြခဲ့ပါသည်။

ငါသည်ခရစ်တော်နှင့် အတူလက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော်ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ယခုငါရှင်သော အသက်သည် ဘုရားသခင်၏ သားတော် ကိုယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဘို့ကိုယ်ကိုကိုယ်စွန့် တော်မူ၏။
ဂလာတိဩဝါဒစာ ၂း၂၀

ISBN 978-0-578-14157-2
90000>
9 780578 141572